# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

### မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၀၁၅)

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားမည့် Video Message မိန့်ခွန်းအား ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က Video Message ဖြင့်ပြောကြားမည့် မိန့်ခွန်းအပြည့်အစုံအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV-News၊ MRTV NRC၊ မြဝတီရုပ်မြင်သံကြား MWD HD ၊ MWD Variety ၊ MWD Education, Knowledge and Sports ၊ MRTV Website၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM ၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဉ္စဝတီ FM ၊ သဇင် FM နှင့် Star FM တို့တွင် အခမ်းအနားကျင်းပချိန် နံနက် ၉ နာရီ၌ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ်၌ ပြုလုပ်သည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



❑ *ရှေ့ဖုံးမှ*

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ နည်းပညာဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက် ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့် ၎င်းတို့စိတ်ပါဝင်စားမှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပညာတန်ဆောင် ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သင်တန်းသားဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၄

**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။** (ယာပုံ)



တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။



**အတည်ပြုလက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီးနောက် သုံးရက်တာဆွေးနွေး ညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များကို အတည်ပြုလက်မှတ် ရေးထိုးခဲ့ကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver ၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းတို့ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ရုပ်သေးကြိုးဆွဲပြိုင်ပွဲနှင့် ကာလပေါ်တေးသီချင်းအဆိုပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်းဟာသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Plenary Hall ၌ ကျင်းပသည့် ရုပ်သေးကြိုးဆွဲပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီး ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲဝင်များက မင်းသား၊ မင်းသမီးနှင့် ဇော်ဂျီ ကြိုးဆွဲရုပ်သေးရုပ်များကို ကြိုးများဖြင့် ကျွမ်းကျင်စွာ ထိန်းချုပ်ပြီး မြန်မာ့ရိုးရာကကွက်များအပြင် ကိုယ်ဟန်အနေအထား အမျိုးမျိုး၊ အမူအရာအမျိုးမျိုးတို့ကို အနုပညာမြောက်သရုပ်ဖော် တင်ဆက်ပြသ ယှဉ်ပြိုင်ခဲ့ကြသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးစိုင်းလုံးဆိုင်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပသည့် "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပြိုင်ပွဲဝင်များက ထင်ရှား ကျော်ကြားလှသည့် ကာလပေါ်တေးသီချင်းများအား ငြိမ့်ညောင်းသာယာ နားဝင်ပီယံရှိစေမည့် အသံနေအသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်းဟာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ရုပ်သေးကြိုးဆွဲ ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးစိုင်းလုံးဆိုင် "ကာလပေါ်" တေးသီချင်းအဆို ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါ စက်မှုဇုန်အတွင်း၌ ကျန်ရှိသည့် မြေကွက်များ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား ရောင်းချပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးရေး၊ ဒေသတွင်းမှ ထွက်ရှိသော ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများအနက် အဓိကတစ်ခုဖြစ်သည့် ဓာတ်မြေဩဇာများ ပိုမိုတိုးတက်ထုတ်လုပ်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၏အခက်အခဲများကို ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့သည် ယနေ့ နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုဇုန်အတွင်းရှိ ကမ္ဘာကျော် ဓာတ်မြေဩဇာစက်ရုံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်မှုပုံစံမျိုးဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် အကြီးစား စက်မှုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အထောက်အကူပြု စက်မှုလုပ်ငန်းများအဖြစ် ပါဝင်ဆောင်ရွက်ပြီး တန်ဖိုးကွင်းဆက်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာနှင့် အတိုးနှုန်း သက်သာသည့် ချေးငွေများ ပံ့ပိုးပေးခြင်း၊ ခိုင်မာသော ဈေးကွက်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေး အချိုးညီဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများ ပိုမိုရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များအတူ လက်တွဲ၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း၌ လက်ရှိလုပ်ငန်းလုပ်ကိုင်နေသည့် လုပ်ငန်းများကို ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်သလို လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများကိုလည်း အစပျိုးလုပ်ကိုင်နိုင်အောင် လိုအပ်ချက်များကို ဖော်ထုတ်၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အတွင်း၌ ကျန်ရှိသည့် မြေကွက်များကိုလည်း အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား စိစစ်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန် အစိုးရ၊ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်ဆိုသည့် ထောက်တိုင် (၃) ရပ်ဖြင့် ဟန်ချက်ညီညီ ပေါင်းစပ်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက စက်မှုဇုန်ဆိုင်ရာ အချက်အလက်များနှင့် စီမံဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ကမ္ဘာကျော် ဓာတ်မြေဩဇာစက်ရုံမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် တောင်သူများအား ဝန်ဆောင်မှုပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများ၊ လက်ရှိလုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ကမ္ဘာကျော် ဓာတ်မြေဩဇာစက်ရုံ၊ May LP Agriculture Co., Ltd. ၏ စပ်မျိုးစပါးထုတ်လုပ်ခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မျိုးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် MITV News Studio ပြန်လည်တည်ဆောက်မှု၊ ရုပ်သံ Tower များ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကြံ့ခိုင်မှုများစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး MITV News Studio ပြန်လည်တည်ဆောက်မှု၊ ရုပ်သံ Tower များ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံနှုတ်ဆက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် MITV News Studio ပြန်လည်တည်ဆောက်ရန်အတွက် Studio-2 တွင် ယာယီ Studio ပြင်ဆင်ဆောင်ရွက်နေမှုနှင့် MITV News Studio တွင် သတင်းဖတ်ကြားမှု အခြေအနေများကိုလည်းကောင်း၊ MITV သတင်းခန်းတွင် ယာယီအသံဖမ်း Studio ဆောက်လုပ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အပါအဝင် သတင်းခန်း၏ လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

MITV News Studio ကို ၂၀၁၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ရာ ယခုအခါ နှစ်ကာလကြာမြင့်ပြီး ဒီဇိုင်းအသစ်ပြင်ဆင်ပြောင်းလဲနိုင်ရန်အတွက် အချိန်တစ်လခန့်ဖြင့် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ရာ ထိုသို့ ဆောင်ရွက်နေစဉ် သတင်းထုတ်ပြန်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် Studio-2တွင် ယာယီ News Studio အဖြစ်တည်ဆောက်အသုံးပြုခြင်း ဖြစ်သည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio-2 အား ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ 9 Meter Earth Station သို့ သွားရောက်ပြီး ရုပ်သံအစီအစဉ်များအား ဂြိုဟ်တုဆက်ကြောင်းများ၊ ဖိုက်ဘာဆက်ကြောင်းများဖြင့် ထုတ်လွှင့်ပေးပို့ခြင်းနှင့် ဖမ်းယူဖြန့်ဝေခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ 9 Meter Earth Station ကို ၁၉၉၇ ခုနှစ်အတွင်း စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်းမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)တွင် ရိုက်ကူးသည့် အစီအစဉ်များနှင့် Content Provider များဖြစ်သည့် Channel K, YTV, Fortune TV များနှင့် ပုဂ္ဂလိက FM လိုင်းများမှ ရုပ်သံအစီအစဉ်များကို ဖိုက်ဘာနှင့် ဂြိုဟ်တု ဆက်ကြောင်းများမှ တစ်ဆင့် နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ပေးပို့လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် 200Meter Tower သို့ ရောက်ရှိပြီး Tower ကြံ့ခိုင်မှု၊ Analogue နှင့် DVB-T2 ထုတ်လွှင့်စက်များ၊ FM ထုတ်လွှင့်စက်များ၊ MRTV DAB+နှင့် ရေဒီယိုထုတ်လွှင့်စက်များ၏ ထုတ်လွှင့်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ထုတ်လွှင့်ပေး**

အဆိုပါ 200Meter Tower ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၎င်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Analogue နှင့် DVB-T2 ရုပ်သံလိုင်းများ၊ မြန်မာ့အသံ FM ရေဒီယိုများ၊ MRTV DAB+ ထုတ်လွှင့်မှုများ၊ ရွှေသံလွင် မီဒီယာကုမ္ပဏီလီမိတက်နှင့် Forever Group Co.,Ltd တို့၏ ရုပ်သံအစီအစဉ်များနှင့် ပုဂ္ဂလိက FM အစီအစဉ်များအား ထုတ်လွှင့်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စံပြကျေးရွာစီမံကိန်းလုပ်ငန်းများ ကျေးရွာနေပြည်သူများက ပိုင်ရှင်စိတ်(Ownership)ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

စံပြကျေးရွာစီမံကိန်း လုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက ပိုင်ရှင်စိတ်(Ownership)ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ကျေးရွာနေ ပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ သင်ကြားပို့ချပေးနေပြီး သင်တန်း အောင်မြင်ပြီးသူများအတွက် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာထောက်ပံ့မှုများ ဆောင်ရွက်ပေးနေကြောင်း ဒုတိယဝန်ကြီး ဦးမြင့်စိုးက ပြောကြားသည်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော အိမ်ခြေ ၂၃၀၊ အိမ်ထောင်စု ၂၈၂ စု၊ လူဦးရေ ၁၀၈၀ ရှိ ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိတို့ သက်ဆိုင်ရာဦးစီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ပြီးစီးခဲ့သော အမြင့်ရေစင်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေသန့်စင်ခြင်းလုပ်ငန်း(ဝဲပုံ)၊ အိမ်သွယ်ရေတိုင်စနစ်ဖြင့် ရေဖြန့်ဝေမှုလုပ်ငန်း၊ Digital စနစ်ဖြင့် ရေမီတာကောက်ခံခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော အရှည်ပေ ၂၉၀၀ ရှိ ကျွန်းဦးကျေးရွာ ကုန်ထုတ်လမ်း ရိစာခင်းခြင်းလုပ်ငန်းနှင့် ပျဉ်းမနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၅၈၆ အိမ်၊ လူဦးရေ ၇၃၅၅ ဦးအတွက် အကျိုးပြုမည့် အရှည်ပေ ၃၃၀၀ ရှိ ကျွန်းဦး - ဆင်သေကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ လယ်ဝေးမြို့နယ် ရှမ်းစုအရှေ့ကျေးရွာရှိ ဆင်အုံမွေးမြူထုတ်လုပ်ရေးနှင့် လုပ်ငန်းပေါင်းစုံသမဝါယမအသင်းလီမိတက်၏ အကျယ် ခြောက်ဧကရှိ ငါးမွေးမြူရေးကန်၌ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည့် အိမ်ခြေ ၁၈၁ အိမ်၊ အိမ်ထောင်စု ၁၈၁ စု၊ လူဦးရေ ၆၀၄ ဦးကို အကျိုးပြုသည့် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစုကျေးရွာ၏ အရှည်ပေ ၄၃၅၀ ရှိ မြေသား+ရိစာခင်းခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး တိုးမြှင့်မှုဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွာဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ လူမှု – စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် တရုတ်နိုင်ငံအစိုးရအနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆွေးနွေးလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံမှ ပေးအပ်သည့် အကူအညီများဖြင့် ဆောင်ရွက်မည့် လူမှုစီးပွားရေးအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး တိုးမြှင့်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၌ သုံးနှစ်အတွင်း သဘာဝဘေး (၂၂၂) ကြိမ်ဖြစ်ပွားပြီး အိမ်ထောင်စုပေါင်း ၁၄၀၀၀ နီးပါးအား ထောက်ပံ့ပေးနိုင်ခဲ့

မြစ်ကြီးနား အောက်တိုဘာ ၁၄

**ကချင်ပြည်နယ်၌ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်မှ လက်ရှိအချိန်အထိ သဘာဝဘေး (၂၂၂) ကြိမ် ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စုပေါင်း ၁၃၉၀၀ ကျော်အတွက် ထောက်ပံ့မှုများပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြစ်ကြီးနားမြို့ရှိ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားသည်။**

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ NGO၊ INGO အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုနှင့် လူထုတစ်ရပ်လုံးကပါ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လာရေး စည်းရုံးဆောင်ရွက်ကြရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း၊ ယခုနှစ်အထိမ်းအမှတ်နေ့၏ ဆောင်ပုဒ်ပါအတိုင်း သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများတွင် အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် လူ့အသက်၊ အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းစေမည်ဖြစ်ကြောင်းလည်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ကုလသမဂ္ဂဘေးအန္တရာယ်ထိခိုက်မှုဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ဌာနအကြီးအကဲ Mrs. Mami Mizutori ၏ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အတွက် ပြောကြားသည့် သတင်းစကားဗီဒီယိုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြသသည့် ဘေးအန္တရာယ်ဆိုင်ရာ ထောက်ပံ့မှုပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ အသိပညာပေးစာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ ပါဝင်သော ပြခန်းငယ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO ၊ INGO အဖွဲ့အစည်းများမှတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**



ကချင်ပြည်နယ်၌ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁–၂၀၂၂ မီနီဘတ်ဂျက်နှစ်အတွင်း သဘာဝဘေးဖြစ်ပွားမှု (၁၇၄) ကြိမ်၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း သဘာဝဘေး (၄၈) ကြိမ် ဖြစ်ပွားခဲ့ပြီး ထိခိုက်ခဲ့သည့် အိမ်ထောင်စုပေါင်း ၁၃၉၀၀ ကျော်အတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း၊ သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုများ၊ အသိပညာပေးဟောပြောပွဲများကို စုစုပေါင်း (၃၇) ကြိမ် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း လေးကျောင်းတို့၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်း ဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး **(အပေါ်ယာပုံ)**၊







အောင်ပန်းမြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ပုဏ္ဏားကျွန်းမြို့ သင်တန်းကျောင်းတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်စံဝင်းတို့ အသီးသီး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသား ၃၀၊ လျှပ်စစ်သင်တန်းသား သင်တန်းသူ ၄၇ ဦး၊ ဂဟေသင်တန်းသား ၄၇ ဦး၊ မော်တော်ယာဉ် စက်ပြင်သင်တန်းသား သင်တန်းသူ ၇၀၊ လက်ကိုင်ဖုန်းပြင်သင်တန်း ၁၆ ဦး စုစုပေါင်း ၂၁၀ ဖြင့် သင်တန်းကာလခြောက်လကြာ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေး၍ နေထိုင်စားသောက်ရေး အခမဲ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိသူများနှင့် သင်တန်းသားများအတွက် သင်တန်းဆင်း အောင်လက်မှတ်များကို အသီးသီး ချီးမြှင့်ပေးသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း လေးကျောင်းတွင် ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက် အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားပေး၍ ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသား စုစုပေါင်း ၆၀၇၇ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားနှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး(၂/၂၀၂၂) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄** မြန်မာနိုင်ငံ၏ အမျိုးသားအရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံတွင် အဓိကမဏ္ဍိုင်ကြီးများဖြစ်သော စံချိန်စံညွှန်းသတ်မှတ်ခြင်း (Standardization)၊ အသိအမှတ်ပြုခြင်း (Accreditation)၊ တိကျစွာတိုင်းတာခြင်း (Metrology)၊ ဓာတ်ခွဲတိုင်းတာခြင်း (Testing)နှင့် အရည်အသွေးထောက်ခံချက်ပြုရေး (Certification) လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစံချိန်စံညွှန်းကောင်စီ အဖွဲ့ဝင်များ၏ လမ်းညွှန်ချက်၊ အကြံပြုချက်များနှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက ကျင်းပသည့် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M GALLERY Hotel ၌ ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

**ကုန်သွယ်မှုကို လွယ်ကူစေမည်**

ဆက်လက်၍ ဒေသတွင်း တိကျစွာတိုင်းတာမှု နည်းပညာဆိုင်ရာအဖွဲ့နှင့် အသိအမှတ်ပြုအဖွဲ့များဖြစ်သော Asia Pacific Accreditation Cooperation နှင့် Asia Pacific Metrology Programe တို့၏ အဖွဲ့ဝင်များအဖြစ် ဝင်ရောက်ပြီး အဖွဲ့ဝင်အဖြစ် ခိုင်မာစွာ ရပ်တည်နိုင်မည့် လုပ်ငန်းစဉ်များ၊ capacity building program များ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတွင်း အရည်အသွေးကိုက်ညီမှု အစီအစဉ်များကို နိုင်ငံတကာမှ လက်ခံနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှုတွင် ကြုံတွေ့ရသည့် နည်းပညာအခက်အခဲများကို ကျော်လွှားနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာစေခြင်း၊ အချိန်နှောင့်နှေးမှုမရှိခြင်းနှင့် ဈေးကွက်တွင် ယုံကြည်မှုရရှိစေခြင်းတို့ကြောင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည် ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။



**ဆုချီးမြှင့်**

ထို့နောက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီး၏ Secretary General Mr Sergio Mujica ၏ World Standards Day (2022) message နှင့် ISO ၏ World Standards Day (2022) ဆိုင်ရာ ဗီဒီယိုမှတ်တမ်း ပြသခြင်း၊ အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ပတ်သက်၍ Panel Discussion တွင် တာဝန်ရှိသူများက အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အမျိုးသားအဆင့် အရည်အသွေး ထောက်ခံချက်ပြုရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများမှ ထုတ်လုပ်မှု အလေ့အကျင့်သို့ ကူးပြောင်းခြင်း၊ မြန်မာနိုင်ငံရှိ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး လိုအပ်သော အကြံပြုချက်များအား ဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့် အရည်အသွေး ထောက်ခံချက်ပြုရေးအဖွဲ့တွင် သတ်မှတ်သုံးစွဲမည့် Logo အား Logo Competition ပြိုင်ပွဲကျင်းပ၍ ရွေးချယ်ခဲ့ကြပြီး ဆုရရှိသူများအား ဆုချီးမြှင့်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များက အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပိုစတာများပြသခြင်းကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီ အဖွဲ့ဝင်များ၊ နည်းပညာဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အစိုးရ - ပုဂ္ဂလိကကဏ္ဍများ၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ (၂/၂၀၂၂) အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄** ဖျာပုံခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ စက်တင်ဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ဖျာပုံခရိုင်အတွင်းရှိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားမှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းထွန်း၊ အဖွဲ့ဝင် ဦးအောင်လွင်ဦးတို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး စက်တင်ဘာလအထိတင်ပြရာ-

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ စိစစ်ချက်အရ
- (က) သေဆုံး၊ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှလျော့သည့်လူဦးရေ (၁၇၅၅) ဦး
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ (၅၂၅၂) ဦး
- (ဂ) စက်တင်ဘာလအတွင်း မြေပြင်လူဦးရေ (၁၀၁၂၉၇၄) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ
- (က) မြေပြင်ထပ်တိုး
  - ပုံစံ (၆၆/၆)ရှိသူ (၈၅၇၁) ဦး
  - ပုံစံ(၆၆/၆)အခြားနှင့် (၆၆/၆)မရှိသူ (၃၉၂) ဦး
  - **စုစုပေါင်းမြေပြင်ထပ်တိုး (၉၁၅၅) ဦး**
- (ခ) မြေပြင်တွင် လျော့သည့်ဦးရေ
  - ပုံစံ (၆၆/၆) ရှိသူ (၁၇၀၉) ဦး
  - ပုံစံ (၆၆/၆)အခြားနှင့် (၆၆/၆) မရှိသူ (၄၆၄) ဦး
  - **စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ (၂၁၃၃) ဦး**

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက် လျာထားမှု (၁၀၅၄) ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်း လိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီခွဲတွင်ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးတင်မောင်ဆွေ၊ ပဲခူးမြို့နယ်တပ်နယ်မှူး ဗိုလ်မှူးကြီး ဆန်းညွန့်လှိုင်၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးခရိုင်ရွေးကောက်ပွဲအရာရှိများ၊ ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ပဲခူး၊ ရွှေကျင်၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်၊ ကဝတို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၁၀၄ အုပ်စုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အဖွဲ့ဝင်များက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲရုံတည်နေရာ သတ်မှတ်အတည်ပြုနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂွမြို့နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ဂွ အောက်တိုဘာ ၁၄** ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်း ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး Talk Show ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တို့ပူးပေါင်း၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ပြုလုပ်သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ကလေးအလုပ်သမား အဓိပ္ပာယ်၊ ကလေးအလုပ်သမားများ အများဆုံးတွေ့ရှိနိုင်သော နေရာများ၊ ကလေးအလုပ်သမားများ များပြားလာရသည့် အကြောင်းရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် ဂွမြို့နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားပပျောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအကြောင်းကို ဆွေးနွေးပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၂၈) ကြိမ်မြောက် အာဆီယံလူမှုရေး - ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအစည်းအဝေး (28th Meeting of the ASEAN Socio – Cultural Community (ASCC) Council) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်ကာလအတွင်း အာဆီယံ လူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီးဦးကိုကိုသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN အား တွေ့ဆုံနှုတ်ဆက်ဂါရဝပြုခဲ့ကြပြီး(ယာပုံ) ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်မထွက်ခွာမီ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ကမ္ဘောဒီးယားနိုင်ငံ၊ သာသနာပိုင်ဆရာတော်ကြီး ဆမ်ဒက်ပရယ် အဂ္ဂမဟာသံဃရာဇာဓိပတိ တပ်ဗုံ အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈/၂၀၂၂) သင်တန်းဆင်းပွဲကျင်းပ တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေး ပိုမိုအလေးထားဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၈) ရဲဗလတပ်ခွဲ၊ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း မေလင်းခိုင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေလွင်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မေလင်းခိုင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သီဟန်မျိုး၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အေးပွင့်ဖြူတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများသည် တက္ကသိုလ်အသီးသီး၌ စာပေပညာများကို လေ့လာဆည်းပူးခဲ့ကြသလို တပ်ဖွဲ့အသီးသီးမှာ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့် သူများဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှု အရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူများဘဝ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထားအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် အစဉ်အလာကောင်း (၁၂)ရပ်၌ ပါရှိသည့် "နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော် တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်" ဟူသည့်အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲ၍ လက်ရှိ နိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ၁၉၆၅ ခုနှစ်မှစ၍ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကို ရဲတပ်ဖွဲ့၏ အဆင့်အသီးသီး၌ စတင်ခန့်အပ်တာဝန်ပေးခဲ့ပြီး အမျိုးသမီးရဲအရာရှိများကို စဉ်ဆက်မပြတ် အမျိုးသားရဲအရာရှိများနှင့်အတူ အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ကာ အမျိုးသမီးရဲအရာရှိငယ်များအနေဖြင့်လည်း ပေးအပ်သည့် တာဝန်များကို စွမ်းရည်ပြည့်ဝ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် လုပ်ငန်းတာဝန်များကို ရဲရင့်ထက်မြက်စွာ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ထုတ်ပြန်ထားသည့်အမိန့်နှင့် ညွှန်ကြားချက်များကို စောင့်ထိန်းလိုက်နာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အောင်မြင်အောင်မိမိတို့ကျရာ ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာမှာ ဥပဒေလုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များကို သိရှိနားလည်ကျွမ်းကျင်ပြီး အဂတိတရားကင်းရှင်းစွာနှင့် နည်းစနစ်တကျ မှန်ကန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရဲချုပ် (၂) (လုံခြုံ/မှုခင်း) ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၀၈) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၁၉၃ ဦး၊ အမျိုးသမီး ၁၄၈ ဦး စုစုပေါင်း ၃၄၁ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၄**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၆၂၂ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

**ထောက်ပံ့ပေးအပ်**

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများကလည်း ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လယ်ယာကဏ္ဍဖွံ့ဖြိုးရေးသာမက လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်

နေပြည်တော် အောက်တိုဘာ ၁၄

**စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးသာမက လယ်ယာကဏ္ဍပြောင်းလဲတိုးတက်ရေးကိုပါ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်၍ ပညာရပ်အသီးသီးတွင် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမဆောင်၌ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များမှ မဟာသိပ္ပံနှင့် ပါရဂူသင်တန်းတက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များအနေဖြင့် အထူးပြုဘာသာရပ်အလိုက် ထူးချွန်သူများ မွေးထုတ်ပေးရာတွင် သီးနှံတစ်ခုချင်းအလိုက်၊ နည်းပညာရပ်တစ်ခုချင်းအလိုက် ထူးချွန်သူများ ပေါ်ထွန်းလာရေးအတွက် စူးစူးစိုက်စိုက် ကြိုးပမ်းကြရန်လိုကြောင်း၊သုတေသနပြုလေ့လာတွေ့ရှိချက်များအပေါ် ဆွေးနွေးသုံးသပ်နိုင်ရန် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲများ၊ ဟောပြောပွဲများကို ဘာသာရပ်အလိုက်ကျင်းပပြီး လွတ်လွတ်လပ်လပ် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့(Myanmar Academy of Agriculture, Livestock and Fisheries) ပြန်လည်ဖွဲ့စည်းပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အဆိုပါအဖွဲ့၏ ဦးဆောင်မှုဖြင့် သုတေသနညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ စာအုပ်စာစောင်များ ထုတ်ဝေခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဟာသိပ္ပံနှင့် ပါရဂူသင်တန်းသားများ၏ လေ့လာတွေ့ရှိချက်စာတမ်းများ တင်သွင်းနိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ဘွဲ့ရရုံမျှ လေ့လာသင်ယူခြင်းမဟုတ်ဘဲ အမှန်တကယ် အတွေ့အကြုံကောင်းရှိသော အရည်အသွေးပြည့်ဝသူများအဖြစ် ပေါ်ထွန်းလာစေရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်၍ သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ဖွံ့ဖြိုးပြီးသော နိုင်ငံများတွင် Industrial Revolution 4.0 ကို ကျင့်သုံးနေကြပြီဖြစ်သကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံများအနေဖြင့်လည်း ပိုမိုထိရောက်သော ခေတ်မီထုတ်လုပ်မှု လုပ်ငန်းစဉ်များပါဝင်သည့် Agricultura 4.0 ကို ပြောင်းလဲကျင့်သုံးနေကြပြီဖြစ်ရာ မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ပြောင်းလဲတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက ထူးချွန်ပြောင်မြောက်စွာ ပါဝင်စွမ်းဆောင်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များမှ မဟာသိပ္ပံနှင့် ပါရဂူသင်တန်းတက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများနှင့်အတူ ကော်ဖီနှင့်မုန့်များ သုံးဆောင်ကြပြီး သင်ကြားမှုနှင့် သင်ယူမှုဆိုင်ရာကိစ္စရပ်များ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် စံနှုန်းများနှင့်အညီ သင်ကြားပို့ချမွေးထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၁၄**

အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအဆင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်ကျင်းပသည်။




ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံပူးပေါင်းဆောင်ရွက်မှု စတင်ဖြစ်ပေါ်လာချိန်မှစ၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်လာခဲ့မှုအခြေအနေများအရ ဟိုတယ်နှင့် ခရီးလှည့်လည်ရေး လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ၃၂ မျိုးအတွက် ၂၀၁၂ ခုနှစ်မှစ၍ ASEAN MRA-TP အစီအစဉ်အရ အခြေခံဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရာတွင်လည်း အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအတွက် အခြေခံကျွမ်းကျင်မှုစံနှုန်းများကို စုဖွဲ့ထားရှိပြီး စံနှုန်းများနှင့်အညီ သင်ကြားပို့ချ မွေးထုတ်ပေးရန် လိုအပ်သလို အခြားတစ်ဖက်တွင်လည်း ကျွမ်းကျင်မှုစံနှုန်းများကို ခေတ်ကာလအလိုက် ပြင်ဆင်မွမ်းမံရန် လိုအပ်ပါကြောင်း၊ ASEAN MRA-TP အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၃ တွင် ထည့်သွင်း ဖော်ပြချက်အရ ကျွမ်းကျင်မှုစံနှုန်းများကို ခေတ်အခြေအနေအရပြန်လည်လေ့လာသုံးသပ်ရန် မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးက အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုစံနှုန်းများ ပြောင်းလဲသွားသည့်အတွက် ဆက်စပ်လုပ်ငန်းစဉ်များဖြစ်သည့် ကျွမ်းကျင်မှုအဆင့်အလိုက် စံနှုန်းများစုဖွဲ့ခြင်းနှင့် အဓိကတာဝန်ယူဆောင်ရွက်မည့်စံနှုန်းများ ရွေးချယ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဦးဆောင်နိုင်ငံဖြစ်သည့် မိမိတို့အနေဖြင့် လုပ်ငန်းညွှန်းတမ်းနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိပြီး သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုအခါ ပထမမူကြမ်းထွက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ပထမမူကြမ်းအပေါ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာ ဟိုတယ်နှင့်ခရီးလှည့်လည်လုပ်ငန်းဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ စုပေါင်း၍ နိုင်ငံအဆင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ဆောင်ရွက်ရန် တိုက်တွန်းထားရှိပြီး ဖြစ်ပါကြောင်း၊ လာအိုနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အပြုသဘောဆောင်သည့် အကြံပြုချက်များ လက်ခံရရှိထားပါကြောင်း၊ အကြံပြုချက်များအပေါ် အခြေခံ၍ ဒုတိယမူကြမ်း ထွက်ရှိလာမည်ဖြစ်ပြီး အာဆီယံအဆင့် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို Hybrid စနစ်ဖြင့် မြန်မာနိုင်ငံမှ နိုဝင်ဘာလနှောင်းပိုင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ရန် လျာထားစီစဉ်လျက်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် မိမိတို့နိုင်ငံ၏ လိုအပ်ချက်များနှင့် အကြံပြုချက်များကို စုပေါင်းဆွေးနွေးအကြံပြု စေလိုပါကြောင်းနှင့် လာမည့် အာဆီယံအဆင့် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲတွင် အခြား အဖွဲ့ဝင်နိုင်ငံများက ကိုယ်စားလှယ်များပါ စုပေါင်းပါဝင် တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပါသဖြင့် မိမိတို့အနေဖြင့် ယခုကဲ့သို့ နိုင်ငံအဆင့်ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်နေသည့် စီမံကိန်းတစ်ခု ဖြစ်ပါသဖြင့် အဆင့်အတန်းရှိသော ရလဒ်များ ထွက်ပေါ်လာရေး အားလုံးဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် ကျွမ်းကျင်မှုစံနှုန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းဆိုင်ရာ နောက်ဆက်တွဲ လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်က ပထမမူကြမ်း ရေးဆွဲခဲ့မှုကိုလည်းကောင်း ဆွေးနွေးရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်း အကြံပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ် ဘက်ရဲမြို့၌ ကွန်ကရစ်လမ်းခင်းခြင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကြံခင်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်း ဆောင်ရွက်နေခြင်းကို ကြံခင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (တာဝန်ခံ) အင်ဂျင်နီယာ ဦးကျော်မြင့်နိုင်တို့က ကြီးကြပ်ပြီး ကွန်ကရစ်လမ်း ခင်းရာတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံး၊ ငွေရင်း လုပ်ငန်း ၁၄ ခုမှ ငွေကျပ် ၁၆၈ ဒသမ ၀၀၀ သန်းဖြင့် လျာထားဆောင်ရွက်ခဲ့ရာ ဘက်ရဲမြို့အတွင်းရှိ အမှတ်(၁)ရပ်ကွက်တွင် အလျား ပေ ၁၃၀၊ အနံ ၁၄ ပေ၊ အမြင့် ၈ လက်မရှိ တာကြီးတန်းလမ်းကို ငွေကျပ် ၄ ဒသမ ၅၁၆ သန်းနှင့် အလျားပေ ၅၀၀၊ အနံ ၁၄ ပေ၊ အမြင့် ၈ ပေရှိ သဇင်လမ်းကို ငွေကျပ် ၁၃ ဒသမ ၉၃၀ သန်းဖြင့် လည်းကောင်း၊ အမှတ်(၂)ရပ်ကွက်တွင် အလျား ပေ ၂၀၀၊ အနံ ၁၄ ပေ၊ အမြင့် ၈ လက်ရှိ တံခွန်တိုင်လမ်းကို ငွေကျပ် ၆ ဒသမ ၈၆၄ သန်းနှင့် အလျား ပေ ၃၅၀ အနံ ၁၅ ပေ အမြင့် ၈ လက်မရှိ အောင်ချမ်းသာလမ်းကို ငွေကျပ် ၁၂ ဒသမ ၉၃၆ သန်းဖြင့်လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာစိုက်ပျိုးမွေးမြူရေး၊ သမဝါယမလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Multivitamin (EV,Solar Power Energy )

စက်မှုစီးပွားထူးချွန်ဆုရ အင်ဂျင်နီယာ (ထွန်း)

နိုင်ငံအား အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က အရင်းမပျောက် မတည်ငွေများကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ လယ်ယာစိုက်ပျိုးမွေးမြူရေး၊ အငယ်စားဆည်မြောင်းလုပ်ငန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၊ မြစိမ်းရောင်စီမံကိန်းတို့အတွက် အမြော်အမြင်ကြီးစွာ ထုတ်ချေးပေးလိုက်သည်။

ယင်းမှာ သက်ဆိုင်ရာအရပ်ဒေသအလိုက် အုပ်ချုပ်နေကြသူများအား လွတ်လပ်စွာ ဦးဆောင်စေခြင်း ဖြစ်သကဲ့သို့ ပါဝင်အကောင်အထည်ဖော်ပေးကြမည့် ပြည်သူများအားလည်း စည်းလုံးညီညွတ်စွာပူးပေါင်း၍ အောင်မြင်အောင် အကောင်ထည်ဖော်နိုင်ခွင့်ကို ပေးလိုက်ခြင်းသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ပြည်သူလူထုကို မြေစမ်းခရမ်းပျိုးလေ့ကျင့်မှုပြုပေးလိုက်ခြင်းဟု ထင်မှတ်မိပါသည်။

ထိုသို့ဖော်ဆောင်ပေးလိုက်ခြင်းသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး မိမိတို့သက်ဆိုင်ရာ နေရာ၊ ဒေသအသီးသီးရှိ စီမံကွပ်ကဲဦးဆောင်သူများနှင့် လက်တွေ့ပါဝင် အကောင်ထည်ဖော်ပေးကြမည့် ပြည်သူများ၏ မိမိတိုင်းပြည်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် စည်းလုံးညီညွတ်တက်ကြွစွာ ကြိုးပမ်းစွမ်းဆောင်အကောင်အထည်ဖော်နိုင်မှုကို ယှဉ်ပြိုင်စေခြင်းဖြစ်လိမ့်မည်ဟုလည်း သုံးသပ်မိပါသည်။

အရင်းမပျောက်မတည်ငွေများ ထုတ်ဝေပေးခြင်းသည် သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ကြရမည့်ပုဂ္ဂိုလ်များ၏ စွမ်းရည်စွမ်းပကားများ မြင့်တက်စေရန် Booster ထိုးပေးလိုက်ခြင်းဖြစ်သည်ဟုလည်း နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားသွားခဲ့သည်ကို အလေးထားပြီး မိမိလေ့လာသိရှိနားလည်ထားသည့် EV, Solar EV ယာဉ်များနှင့် Fully Solar EV ယာဉ်များ၏ အခန်းကဏ္ဍအကျိုးကို Multivitamin အားဆေးအဖြစ် ရည်မှန်းဖြည့်စွက်အကြံပြုတင်ပြပေးလိုက်ရပါသည်။

ဦးစွာပထမ မြန်မာနိုင်ငံသားအများစု ၇၀ ရာခိုင်နှုန်း နေထိုင်ကြပြီး ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသည့် ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုပေးနိုင်ရန် လယ်ယာထွန်ယက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်နေကြသည့် တောင်သူလယ်သမားများ လုပ်ငန်းအသီးသီးကို အကောင်အထည်ဖော်ရာတွင် ပိုမိုလျင်မြန်ထိရောက် အစွမ်းထက်ပြီး အင်အားဖြစ်စေရန်၊ လိုအပ်သော ကုန်ကြမ်းများနှင့် ကုန်ချောများ သယ်ယူပို့ဆောင်ရေး၊ ဝန်ထမ်းများသယ်ယူပို့ဆောင်ရေး၊ နယ်မြေအတွင်းရှိ ပြည်သူအများ သွားလာလှုပ်ရှားရေးစသည့် လုပ်ငန်းများ၊ ကျေးလက်ကုန်စည်များ သယ်ယူပို့ဆောင်ရေး၊ ကျေးလက်ဆက်သွယ်ရေးလမ်းများ ဖောက်လုပ်ရေး၊ ဆည်မြောင်းငယ်များ တည်ဆောက်ရေးတို့အတွက် အသုံးပြုနိုင်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်စွမ်းအင်) တိုက်ရိုက်ရယူ အသုံးပြုနိုင်သည့် ရေစုပ်စက်များ၊ အခြားစက်ပစ္စည်းကိရိယာများ၊ ဈေးနှုန်းချိုသာသည့် Solar Energy အခြေပြု EV ယာဉ်အသေး၊ အလတ်နမူနာများနှင့် လယ်ယာစိုက်ပျိုးမွေးမြူရေးနှင့် အထွေထွေသုံး EV ယာဉ်များ၊ လှုပ်ရှားအသုံးပြုလိုက်၍ လျော့နည်းသွားသော Batteries များကို စွမ်းအားများ ပြန်လည်ဖြည့်တင်းပေးနိုင်မည့် Solar Energy Recharging Station များ၏ နမူနာကို အကြံပြုတင်ပြသွားပါမည်။

> **"ကျေးလက်ဒေသသုံး EV ယာဉ်များကို သုံးစွဲသူများ စရိတ်သက်သာစွာ ဝယ်ယူသုံးစွဲနိုင်စေရန် တန်ဖိုးနည်း Lead Acid Batteries လိုအပ်သည့် အရေအတွက်များကို စွမ်းအားလိုအပ်ချက်၊ လုပ်ငန်းများ လိုအပ်ချက်အလိုက် သင့်တော်သလို ဖြည့်ဆည်းပြီး မိမိအသုံးပြုမည့် EV ယာဉ်နှင့် Solar သုံး စက်ပစ္စည်းကိရိယာများအလိုက် စက်များ၏ လည်ပတ်ရန် လိုအပ်သောစွမ်းအားပမာဏကို တွက်ချက်တပ်ဆင် ဖြည့်ဆည်းပေးရပါမည်"**




ကျေးရွာများနှင့် အထွေထွေသုံး EV ယာဉ်များ၏ ဘက်ထရီများကို နေရောင်ခြည်စွမ်းအင်ဖြင့် စွမ်းအားပြန်ဖြည့်ပေးခြင်း။

ထိုမှ အဆင့်ဆင့်တက်ပြီး မြို့နယ်၊ မြို့ကြီးများတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးသုံးရန်အတွက် အသုံးပြုနိုင်ကြမည့် အသေးစား၊ အလတ်စား၊ အကြီးစား၊ EV ယာဉ်များ၊ EV Bus များ၊ Solar EV Bus များ၊ Solar EV Ferry Boat များ၊ Fully Solar EV ယာဉ်များကိုလည်း တင်ပြသွားပါမည်။

ကျေးလက်ဒေသသုံး EV ယာဉ်များကို သုံးစွဲသူများ စရိတ်သက်သာစွာ ဝယ်ယူ သုံးစွဲနိုင်စေရန် တန်ဖိုးနည်း Lead Acid Batteries လိုအပ်သည့် အရေအတွက်များကို စွမ်းအားလိုအပ်ချက်၊ လုပ်ငန်းများ လိုအပ်ချက်အလိုက် သင့်တော်သလို ဖြည့်ဆည်းပြီး မိမိအသုံးပြုမည့် EV ယာဉ်နှင့် Solar သုံး စက်ပစ္စည်းကိရိယာများအလိုက် စက်များ၏ လည်ပတ်ရန် လိုအပ်သောစွမ်းအားပမာဏကို တွက်ချက်တပ်ဆင် ဖြည့်ဆည်းပေးရပါမည်။ ငွေပေးချေရာတွင်လည်း အရစ်ကျ(Installment) စနစ်ဖြင့် ပေးချေခွင့်ရစေခြင်းဖြင့် တောင်သူလယ်သမားများ တွင်ကျယ်စွာဝယ်ယူသုံးနိုင်ကြစေရန် စီမံပေးသင့်ပါသည်။

စွမ်းအားကောင်းပြီး တန်ဖိုးကြီးမြင့်သော အပူဒဏ်လွန်ကဲသည့်အခါ မီးလောင်ကျွမ်းမှု ဖြစ်စေတတ်သည့် Li-ion Batteries များအစား နောက်ထပ်ဆန်းသစ်တီထွင်အောင်မြင်လာသော LiFePO4 Batteries များကိုလည်း လိုအပ်လျှင် Lead Acid Battery များနှင့် ပေါင်းစပ်သုံးသင့်ပါသည်။

**EV and EV Solar Hybrid, Fully Solar EV များကို မြန်မာပြည်သူများ အသုံးပြုခွင့်ပေးကာ လက်ရှိ ICE ယာဉ်များနေရာတွင် အစားထိုးသုံးနိုင်စေခြင်းဖြင့် နိုင်ငံတော်၏ FE သုံးစွဲရမှုလျှော့ချနိုင်ရေး**

မော်တော်ယာဉ်များနှင့် Spare Parts များ တင်သွင်းခွင့်အတွက် ခွင့်ပြုထားချက်ကို ပြင်ဆင်၍ EV and EV Spare parts များကိုသာ ခွင့်ပြုစေခြင်းဖြင့် ပြည်တွင်း ICE ယာဉ်များအတွက် နိုင်ငံ FE ဖြင့် လောင်စာဆီများ ဝယ်ယူတင်သွင်းဖြည့်တင်းပေးနေရမှု ကင်းလွတ်စေကာ လူနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ကာကွယ်ထိန်းသိမ်းပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့တိုင်းပြည်တွင် ယခုမှအစပြုပြီး EV ယာဉ်များအသုံးပြု၍ လျော့နည်းသွားသည့် စွမ်းအင်များ ပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် စွမ်းအင်ပြန်လည်ဖြည့်သွင်းပေးရန် လိုအပ်မည့် Power Refilling Staions များကို EV ယာဉ်အမြောက်အမြားသုံးစွဲနေကြသည့် တိုင်းပြည်ကြီးများကဲ့သို့ နေရာအနှံ့ပြားတွင် များစွာတည်ထားရန် မလိုသေးသည့်အလျောက် ရန်ကုန်၊ မန္တလေးကဲ့သို့ ခရီးရှည်လမ်းများတွင် Interval Poistions များ ရွေးချယ်သတ်မှတ်ပေးပြီး လိုအပ်မည့်နေရာများတွင်သာ သတ်မှတ်တည်ထားပေးရန်နှင့် သွားလာလှုပ်ရှားသော EV ယာဉ်အများစု ရပ်နားနေရာများဖြစ်သည့် စားသောက်ဆိုင် ၊ ကော်ဖီဆိုင်၊ မိုတယ်များ၊ ဟိုတယ်များတွင် လည်းကောင်း၊ EV ယာဉ်များ သုံးစွဲမှုများလာမည့် မြို့ကြီးများတွင်လည်း စတိုးဆိုင်ကြီးများ၊ စူပါမားကတ်များ၊ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဘဏ်စသည့် ယာဉ်ရပ်နားမှုများသည့်နေရာများတွင်လည်းကောင်း လိုအပ်ချက်အရ သင့်တော်သလို ထပ်တိုးဖြည့်စွက်ပေးရန် လိုအပ်ပါမည်။ Power Refilling Stations များကို EV ကားများ သုံးစွဲလာနိုင်မှုပမာဏအပေါ်မူတည်ပြီး စဉ်းစားပေးရန် အဓိကကျပါမည်။

(ဆက်လက်ဖော်ပြပါမည်)




စိုက်ပျိုးရေး၊ ကျေးလက်လမ်းနှင့် ဆည်မြောင်းလုပ်ငန်းငယ်များတွင် အသုံးပြုနိုင်သည့် ဆိုလာစနစ်သုံးထွန်စက်။




စရိတ်သက်သာစွာ အလွယ်တကူတပ်ဆင်အသုံးပြုနိုင်သည့် လယ်ယာစိုက်ပျိုးရေးသုံး ဆိုလာရေတင်ပန့်။




လယ်ယာစိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်နေပြည်သူများ သယ်ယူပို့ဆောင်ရေးတွင် သုံးနိုင်သည့် EV နှင့် Solar EV Pickup။

# နှစ် (၁၅၀) ပြည့် ဂျပန်မီးရထားသမိုင်း

တက္ကသိုလ်မောင်ရှုပ

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်ဟာ ဂျပန်နိုင်ငံမှာ မီးရထား စတင်ပြေးဆွဲမှု သက်တမ်း နှစ်(၁၅၀) ပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ ဘယ်သူမဆို ဂျပန်နိုင်ငံရဲ့ ရထားအကြောင်း ပြောကြမယ်ဆိုရင် ကောင်းတဲ့အချက်အလက်တွေကိုပဲ ပြေးမြင်ကြမှာ ဖြစ်ပါတယ်။ ရထားတွေရဲ့ အချိန်တိကျမှန်ကန်မှု၊ ရထားတွေရဲ့ သန့်ရှင်းမှု၊ ဝန်ဆောင်မှုကောင်းမွန်မှု၊ ရထားပေါ်မှာ တိတ်ဆိတ်ငြိမ်သက်စွာ စီးနင်းလိုက်ပါကြမှု၊ ရထားလမ်းတစ်လျှောက် သာယာလှပမှု၊ ရထားဘူတာတွေမှာ လိုအပ်တဲ့အခြေခံကုန်ပစ္စည်းနဲ့ဝန်ဆောင်မှုတွေရရှိနိုင်မှု စတဲ့အချက်တွေဟာ နိုင်ငံတကာက အသိအမှတ်ပြု လက်ခံထားကြတဲ့ ဂျပန်ရထားတွေရဲ့ ဂုဏ်သတင်းကောင်းတွေ ဖြစ်ပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံရဲ့ အမျိုးသားပြယုဂ်တစ်ခုလို့တောင် ပြောနိုင်တဲ့ ရှင်ကန်ဆန် အမြန်ရထားတွေဟာ ရထားပြေးဆွဲမှုသမိုင်းမှာ ပြောင်းလဲမှုတွေကို ဖော်ဆောင်ပေးနိုင်ခဲ့တဲ့အထိ မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်ပါတယ်။ ၁၈၇၂ ခုနှစ်ကနေ စတင်ပြေးဆွဲခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ မီးရထားပြေးဆွဲမှုသမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ရင် အခက်အခဲတွေ၊ တီထွင်ကြံဆမှုတွေ၊ ပြုပြင်ပြောင်းလဲမှုတွေကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။



ဂျပန်နိုင်ငံ၏ မီးရထားဖခင်ကြီးအဖြစ် တင်စားခေါ်ဝေါ်ကြသည့် Inoue Masaru

## ပထမဆုံး ဖွင့်လှစ်ပြေးဆွဲခဲ့တဲ့ မီးရထားလမ်း

ဂျပန်နိုင်ငံမှာ ၁၈၇၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ပထမဆုံး ဖွင့်လှစ်ပြေးဆွဲခဲ့တဲ့ မီးရထားလမ်းကြောင်းက တိုကျိုမြို့ ရှင်ဘာရှိ ဘူတာကနေ ယိုကိုဟားမားဘူတာအထိ ပင်လယ်ကမ်းခြေတစ်လျှောက် ရထားလမ်း ဖြစ်ပါတယ်။ ၁၉ ရာစုနှစ် ဂျပန်နိုင်ငံမှာ မြင်းတွေအသုံးပြုတဲ့ ရထားလုံးတွေ၊ လူတွေဆွဲတဲ့ လန်ချားတွေနဲ့ သယ်ယူပို့ဆောင်မှုတွေကို အဓိကအသုံးပြုနေရတဲ့အချိန်မှာ ရထားလမ်းကြောင်း စတင်ဖွင့်လှစ်နိုင်တာဟာ သူ့ခေတ်သူ့အခါကာလအတွက် ထူးခြားဆန်းသစ်တဲ့ ပြောင်းလဲမှုတစ်ခု ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ နောက်ပိုင်း ဆက်တိုက်ဖြစ်ပေါ်လာမယ့် ပြုပြင်ပြောင်းလဲမှုတွေ၊ ခေတ်မီတိုးတက်မှုတွေကို စတင်ဖော်ဆောင်ပေးနိုင်ခဲ့တဲ့ အပြောင်းအလဲတစ်ခုလို့တောင် ပြောနိုင်ပါတယ်။ ပထမဆုံး ရထားလမ်းကြောင်း ဖွင့်လှစ်ပွဲကို ဂျပန်ဧကရာဇ် မေဂျီဘုရင်ကြီးကိုယ်တိုင် ရှင်ဘာရှိဘူတာမှာ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီအချိန်က အသုံးပြုခဲ့တဲ့ ရထားတွဲဟာ အင်္ဂလန်နိုင်ငံထုတ် ရေနွေးငွေ့နဲ့ မောင်းနှင်တဲ့ စက်ခေါင်းတွဲရထား ဖြစ်ပါတယ်။ ရထားလမ်းကြောင်းတွေကအစ ဒီဇိုင်းဆွဲခဲ့သူကလည်း အင်္ဂလန်နိုင်ငံသားပညာရှင် ဖြစ်ပါတယ်။

## ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့

အခုလို အပြောင်းအလဲတွေ စတင်ခဲ့တဲ့အချိန်မှာ ဂျပန်နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ရထားလမ်းတွေ ဖောက်လုပ်မှုကြောင့် အစဉ်အဆက်လူသွားလမ်းတွေ ထားရှိမှုအပေါ် ထိခိုက်လာမှာ စိုးရိမ်မှုကြောင့် မြေပိုင်ရှင်အချို့ဟာ ရထားလမ်းဖောက်လုပ်ဖို့ မိမိမြေကို ရောင်းချဖို့ ငြင်းဆန်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် ပထမဆုံး ရထားလမ်းကြောင်းဟာ ပင်လယ်ကမ်းခြေတစ်လျှောက် မြေတွေဖို့ပြီး ဖောက်လုပ်ခဲ့ရတာ



၁၉၁၀ ပြည့်နှစ်က တွေ့မြင်ရသည့် ရှင်ဘာရှိဘူတာ။

**✳ ရထားဘူတာတွေကို လူနေအိမ်ခြေတွေနဲ့ ခပ်လှမ်းလှမ်းမှာ ဆောက်လုပ်ခြင်းထက် ဘူတာတွေကို လူနေအိမ်ခြေတွေ၊ ဈေးဆိုင်ခန်းတွေ၊ စီးပွားရေးအရ အကွက်အကွင်းကျတဲ့နေရာတွေ၊ ဘတ်စ်ကားဂိတ်တွေ၊ စတဲ့နေရာတွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် တည်ဆောက်တဲ့ စီးပွားရေးပုံစံသစ် (Transit-oriented development) ကို ဖော်ထုတ်ခဲ့ပြီးနောက်ပိုင်း ရထားဘူတာရုံနေရာတွေမှာ၊ ရထားလမ်းကြောင်းတစ်လျှောက်မှာ လူနေအိမ်ရာ ဆောက်လုပ်မှုတွေ၊ မြို့သစ်တည်မှုတွေ ပြုလုပ်လာခဲ့ကြပြီး ဒီစီးပွားရေးပုံစံသစ်ရဲ့ အောင်မြင်မှုတွေကိုလည်း တွေ့မြင်လာခဲ့ကြပါတယ်**



၁၈၇၂ ခုနှစ်က ဂျပန်နိုင်ငံတွင် ပထမဆုံးပြေးဆွဲခဲ့သည့် မီးရထားစက်ခေါင်းတွဲအား မီးရထားပြတိုက်အတွင်း ပြသထားပုံ။

လို့တောင် သိရပါတယ်။ ရထားလက်မှတ်တွေရဲ့ ဈေးနှုန်းကြီးမြင့်မှုကလည်း ဂျပန်ရထားပြေးဆွဲမှုအစပိုင်းမှာ အဟန့်အတားတစ်ခု ဖြစ်စေခဲ့ပါတယ်။

## ဂျပန်နိုင်ငံရဲ့ မီးရထားဖခင်ကြီး

နောက်ပိုင်းကာလတွေမှာတော့ ဂျပန်နိုင်ငံရဲ့ ရထားပြေးဆွဲမှုသမိုင်းကြောင်းဟာ ဂျပန်နိုင်ငံသားပညာရှင်တွေရဲ့ တီထွင်ကြံဆကြိုးပမ်းမှုတွေနဲ့ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံရဲ့ မီးရထားဖခင်ကြီးလို့ တင်စားခေါ်ဝေါ်ကြတဲ့ Inoue Masaru ရဲ့ ကြိုးပမ်းမှုအောက်မှာ အောင်မြင်မှုတွေ ရရှိလာခဲ့ပါတယ်။ ၁၉ ရာစုအကုန်ကနေစပြီး ၂၀ ရာစုတစ်လျှောက်လုံးမှာ ဂျပန်နိုင်ငံရဲ့ ရထားပြေးဆွဲမှုဟာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွေအပေါ် အဓိက အခြေပြုပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လာနိုင်ခဲ့ပါတယ်။ ၁၉၀၀ ပြည့်နှစ်အစမှာ တိုကျိုမြို့နဲ့ ကိုဘေးမြို့အကြားမှာရှိတဲ့ ရထားလမ်းကြောင်းတွေဟာ Tokaido Line ကနေတစ်ဆင့် ပေါင်းစည်းချိတ်ဆက်နိုင်ခဲ့ပါတယ်။

## လမ်းကြောင်းကွန်ရက်

နောက်ပိုင်းမှာ ပုဂ္ဂလိကပိုင် ရထားလမ်းကြောင်းလုပ်ငန်းကြီးတွေကို နိုင်ငံပိုင်ပြုလုပ်ခဲ့သလို ပုဂ္ဂလိက ရထားပြေးဆွဲမှု လုပ်ငန်းတွေအတွက်လည်း ဂျပန်အစိုးရဟာ စံနှုန်းသတ်မှတ်ချက်တွေ ချမှတ်ပေးခဲ့ပြီး တစ်နိုင်ငံလုံးဆိုင်ရာ ရထားပြေးဆွဲမှုလမ်းကြောင်းကွန်ရက်ကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ အဲဒီနိုင်ငံပိုင်ရထားပြေးဆွဲမှုလမ်းကြောင်းဟာ ဒုတိယကမ္ဘာစစ်ကြီးနဲ့ အမေရိကန် ဦးဆောင်တဲ့ မဟာမိတ်သိမ်းပိုက်ထားရှိမှုကာလမှာလည်း အောင်မြင်စွာ ဆက်လက်ပြေးဆွဲနိုင်ခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ ရထားပြေးဆွဲမှုကို Japan National Railways (JNR) အမည်နဲ့ အစိုးရပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲစုစည်းဆောင်ရွက်ခဲ့သလို ၁၉၈၇ ခုနှစ်မှာတော့ Japan Railways (JR) အမည်နဲ့ ပုဂ္ဂလိကပိုင်လုပ်ငန်းအဖြစ် ထပ်မံပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။

## စီးပွားရေးပုံစံသစ်ရဲ့အောင်မြင်မှု

နောက်ပိုင်းမှာ Hankyu Railways ကို တည်ထောင်ခဲ့သူဖြစ်တဲ့ Ichizo Kobayashi က ရထားဘူတာတွေကို လူနေအိမ်ခြေတွေနဲ့ ခပ်လှမ်းလှမ်းမှာ ဆောက်လုပ်ခြင်းထက် ဘူတာတွေကို လူနေအိမ်ခြေတွေ၊ ဈေးဆိုင်ခန်းတွေ၊ စီးပွားရေးအရ အကွက်အကွင်းကျတဲ့နေရာတွေ၊ ဘတ်စ်ကား ဂိတ်တွေ၊ စတဲ့နေရာတွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် တည်ဆောက်တဲ့ စီးပွားရေးပုံစံသစ် (Transit–oriented development) ကို ဖော်ထုတ်ခဲ့ပြီးနောက်ပိုင်း ရထားဘူတာရုံနေရာတွေမှာ၊ ရထားလမ်းကြောင်းတစ်လျှောက်မှာ လူနေအိမ်ရာ ဆောက်လုပ်မှုတွေ၊ မြို့သစ်တည်မှုတွေ ပြုလုပ်လာခဲ့ကြပြီး ဒီစီးပွားရေးပုံစံသစ်ရဲ့ အောင်မြင်မှုတွေကိုလည်း တွေ့မြင်လာခဲ့ကြပါတယ်။ အခုအချိန်မှာဆိုရင် ရထားကုမ္ပဏီကြီးတွေ ရရှိနေတဲ့ဝင်ငွေရဲ့ ထက်ဝက်ကျော်ဟာ ရထားပြေးဆွဲမှု လုပ်ငန်းကနေ ရရှိတာမဟုတ်ဘဲ ဆက်စပ်ဖော်ဆောင်ထားတဲ့ လုပ်ငန်းတွေဖြစ်တဲ့ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းတွေ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ဘတ်စ်ကားပြေးဆွဲမှုလုပ်ငန်းတွေ၊ ကုန်စည်ရောင်းဝယ်မှုလုပ်ငန်းတွေ၊ ဟိုတယ်၊ ရုပ်ရှင်ရုံနဲ့ ကျောင်းဖွင့်လှစ်ခြင်း လုပ်ငန်းတွေကနေ ရရှိနေတာ ဖြစ်တယ်လို့ National Graduate Institute for Policy Studies က မြို့ပြအခြေခံအဆောက်အဦ မူဝါဒဆိုင်ရာ ပါမောက္ခ Shigeru Morichi က ပြောကြားခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

❖ *ကျော်ဖုံးမှ*

သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမီဒီယာအချို့က တိကျသေချာခြင်းမရှိသော အချက်အလက်များ၊ ပြောကြားချက်များအပေါ်အခြေခံ၍ အကြမ်းဖက်သမားများ၏ပစ်ခတ်မှုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့မှုအပေါ် အထင်အမြင်လွဲမှားစေနိုင်သော လုပ်ကြံဖန်တီးထားသည့် သတင်းဖော်ပြချက်များကို ရေးသားဖော်ပြလျက်ရှိသည်။

အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့် ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့မှု အခြေအနေမှန်များကိုသိရှိနိုင်ရန် မျက်မြင်သက်သေများ၊ လုံခြုံရေးကင်မရာများ၊ အကြမ်းဖက်သမားများ ဝင်ရောက်ပစ်ခတ်သည့် လမ်းကြောင်းနှင့် နေရာများ၊ အရပ်သားပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့သည့် နေရာများကို အသေးစိတ်စစ်ဆေးခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိခဲ့ရသည်-

(က) KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမား ၁၅ ဦးခန့်သည် ဆောင်နိုင်ကြီးကျေးရွာမှ ကဒတ်ချောင်းတံတားကို ဖြတ်၍ Vego အမျိုးအစား ခဲရောင်မော်တော်ယာဉ်ဖြင့် လာရောက်ပြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်၏ အနောက်နှင့် အနောက်တောင်ဘက်များရှိ ဆိုင်ခန်းများတွင် နေရာယူခဲ့ကြောင်း။

( ခ ) ဆိုင်ခန်းများအတွင်း ဖြန့်ခွဲနေရာယူကာ တောင်တက်ကားဂိတ်အတွင်းရှိ ယာဉ်အမှတ်၊ 3K-6534 ဘုရားဖူးယာဉ်ပေါ်သို့ ဘုရားဖူးပြည်သူများ တက်ရောက်နေစဉ် လက်နက်ငယ်များဖြင့် အတွဲလိုက်စတင်ပစ်ခတ်ခဲ့ကြောင်း။ ထိုသို့စတင်ပစ်ခတ်ခြင်းကြောင့် ဘုရားဖူးယာဉ်ပေါ်သို့ တက်သည့် စင်ပေါ်မှ အမျိုးသမီးတစ်ဦး၊ ယာဉ်ပေါ်မှ အမျိုးသမီးတစ်ဦးနှင့် ယာဉ်ပေါ်တက်လှေကား ပထမအဆင့်ပေါ်တက်နေသော အမျိုးသမီးတစ်ဦး၊ စုစုပေါင်း သုံးဦး လက်နက်ငယ် ကျည်ထိမှန်၍ လဲကျသေဆုံးသွားခဲ့ပြီး ယာဉ်ပေါ်နှင့် ယာဉ်အနီးရှိ ဘုရားဖူးပြည်သူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကာ အမျိုးသမီးတစ်ဦးမှာ စတင်ပစ်ခတ်ချိန် ကျည်ထိမှန်လဲကျသေဆုံးသွားသည်ကို လုံခြုံရေးကင်မရာအရ တွေ့ရှိရကြောင်း။ ထိခိုက်ဒဏ်ရာရရှိသူ အများစုသည် အဆိုပါဘုရားဖူးယာဉ်ပေါ်နှင့် အနီးတစ်ဝိုက်ရှိနေသူများသာ ဖြစ်ကြောင်း။

( ဂ ) ရိုင်းစိုင်းယုတ်မာသည့် ဘာသာမဲ့ အကြမ်းဖက်သမားများက တောင်တက်ကားဂိတ်အတွင်းသို့ နိုင်ငံတစ်ဝန်း မြန်မာတို့၏ ဝါကျွတ်ကာလမင်္ဂလာရှိသည့် အကြောင်းအရာများကို နိုင်ငံသားအများစုက ပျော်ရွှင်အေးချမ်းစွာ ဆောင်ရွက်နေမှုကို ပျက်စီးစေရန် အကြောင်းမဲ့ အကြမ်းဖက်မှုကို ရည်ရွယ်ချက်ရှိစွာ ပစ်ခတ်ခဲ့သဖြင့် ဘုရားဖူးပြည်သူ သေဆုံးဒဏ်ရာရချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူများ၏ အသက်အန္တရာယ်ကာကွယ်ရန်အလို့ငှာ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများက ၄၀ မမ ဗုံးသီးများ၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။

(ဃ) ပစ်ခတ်ပြီးချိန်တွင် အကြမ်းဖက်သမားများသည် မော်တော်ယာဉ်ဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ထွက်ခွာချိန်တွင် မော်တော်ယာဉ်ပေါ်မှ အောင်ထူးစံကားဂိတ်ကို လက်နက်ငယ်ဖြင့် ထပ်မံပစ်ခတ်သွားကြောင်း။

( င ) အကြမ်းဖက်သမားများ အကာအကွယ်ရယူခဲ့သော အဆောက်အဦနှင့် တောင်တက်ကားဂိတ် တည်ရှိရာသို့ ကျည်သွားလမ်းကြောင်းအရ ဘုရားဖူးယာဉ်၏ နောက်ပိုင်းအနီးရှိ သံထိုင်ခုံအရှည်၏ နောက်ကျောမှီ၌ ကျည်ဖောက်ဝင်ရာများ၊ ကားပေါ်တက်သည့် စင်လက်ရန်းတိုင်၌ ကျည်ဖောက်ဝင်ရာများ၊ ယာဉ်ရပ်နားထားသည့် ဘေးရှိအုတ်တိုင်များတွင် ကျည်ဖောက်ဝင်ရာများ တွေ့ရှိရသဖြင့် အကြမ်းဖက်သမားများက အတွဲလိုက် စတင်ပစ်ခတ်စဉ် လက်နက်ငယ်ကျည်များ တိုက်ရိုက်ထိမှန်ခဲ့ပြီး ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဘာသာမဲ့အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာမှုလုပ်ရပ်ကိုလည်း အဆိုပါနေရာတစ်ဝိုက်ရှိ လုံခြုံရေးကင်မရာ မှတ်တမ်းများမှ ဖမ်းယူရရှိထားပြီး အထောက်အထားများအရ ယုတ်မာရက်စက်သည့် အကြောင်းမဲ့အကြမ်းဖက်သူများဖြစ်သည့် KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုများကြောင့်သာ ဘုရားဖူးပြည်သူများ သေဆုံးဒဏ်ရာများရရှိခဲ့ခြင်း ဖြစ်သည်။

မြေပြင်အခြေအနေနှင့် ဗုဒ္ဓဘာသာဝင်များအပါအဝင် အကြမ်းဖက်မှုကို လုံးဝဆန့်ကျင်ကြသည့် မြန်မာနိုင်ငံသားများ၏ ဆိုရှယ်မီဒီယာများမှ ပြောဆိုမှုများအပြင် တိကျခိုင်မာသော အထောက်အထားများအရ နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင် သတင်းထုတ်ပြန်ထားသော်လည်း အဆိုပါသတင်းအပေါ် မျက်ကွယ်ပြုလျက် ငွေစကားနွားရပုံစံဖြင့် မြန်မာနိုင်ငံအပေါ် အဆိုးမြင်ဝါဒီများ၏ လက်ကိုင်တုတ်များဖြစ်သည့် ဖြောင်လိမ်ဖြောင်စားရောဝတီနှင့် ဘီဘီစီ သတင်းဌာနများ၏ မြန်မာပိုင်းအစီစဉ်မှ အဓိပ္ပာယ်မဲ့သော အောက်လုံးများဖြင့် လုံခြုံရေးတပ်ဖွဲ့များက ဘုရားဖူးများအား ရမ်းသန်းပစ်ခတ်ခဲ့ကြောင်းထုတ်ပြန်ခဲ့မှုသည် သတင်းမီဒီယာကျင့်ဝတ်အား အရှက်တရားကင်းမဲ့စွာ ချိုးဖောက်ခြင်းဖြစ်၍ အဆိုပါသတင်းဌာနများကို ဆက်သွယ်ရေးဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် လုံခြုံရေးတပ်ဖွဲ့များအပေါ် မဟုတ်မမှန် အသေရေဖျက်စွပ်စွဲမှုအတွက် တည်ဆဲဥပဒေနှင့်အညီတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကျိုက်ထီးရိုးတောင်တက်ကားဂိတ်ကို အကြမ်းဖက် KNLA တပ်မဟာ(၁) နှင့် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ လာရောက်တိုက်ခိုက်သည့်ပုံ။






တောင်ဆင်းကားရပ်နားရန် ပြုလုပ်ထားသည့် တစ်ဖက်ရပ်အမိုးပေါ် ၄၀ မမ ဗုံးပေါက်ကွဲခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက်သမားများ ခတ်တိုင်ကို အကာအကွယ်ပြု ပစ်ခတ်မှု ကျည်သွားလမ်းကြောင်းပြပုံ။




အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် ကျည်လာလမ်းကြောင်းပြပုံ။



❒ *ကျော်ဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ် တီးတိန်မြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ယနေ့ညနေ ၃ နာရီခန့်တွင် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာ၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာသို့ ရောက်ရှိစဉ် မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းငါးလုံးဖြင့် အကြောင်းမဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ မိုင်းထောင် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အသက် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦး(ဓာတ်ပုံ) အပါအဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ မော်တော်ယာဉ်လေကာမှန်များ မိုင်းစထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည့် ခရီးသွားပြည်သူများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်းမပေါ်၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကပ်ရောဂါကာလအလွန် ထိုင်းနိုင်ငံတွင် စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အိန္ဒိယခရီးသွားများကို ပစ်မှတ်ထား

**ဘန်ကောက် အောက်တိုဘာ ၁၄**

ကိုဗစ် -၁၉ ကပ်ရောဂါကာလ အဆုံးသတ်သွားပြီဖြစ်ကြောင်း ထိုင်းနိုင်ငံခရီးသွားလာမှု အကြီးအကဲက ပြောသည်။ ထိုင်းနိုင်ငံတွင် ယခုလအတွင်း နိုင်ငံခြားခရီးသွားများအတွက် နယ်စပ်တံခါးများ အပြည့်အဝ ပြန်ဖွင့်ပေးနေပြီဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် အိန္ဒိယမှ ခရီးသွားများကို အထူးဆွဲဆောင်လျက်ရှိသည်။ အိန္ဒိယနိုင်ငံမှ ခရီးသွားများ ထိုင်းနိုင်ငံသို့ ပိုမိုဝင်ရောက်လာစေရေးအတွက် နယူးဒေလီသို့သွားရောက်ကာ ခရီးသွားလာမှုနှင့် သက်ဆိုင်သည့်ပွဲများ ပြုလုပ်သွားရန် ရည်ရွယ်ထားသည်ဟု ထိုင်းနိုင်ငံခရီးသွားလာမှုဆိုင်ရာ အကြီးအကဲဖြစ်သူ ယူသန်ဆော့ခ်ဆူပက်ဆွန်က အင်န်အိတ်ချ်ကေ သို့ပြောသည်။

အိန္ဒိယမှ ခရီးသွားများသည် ယခုအခါ ခရီးသွားလာမှု အများဆုံးအုပ်စုထဲမှ တစ်စုဖြစ်လာပြီး ယခုနှစ်အတွင်း အိန္ဒိယမှ ခရီးသွားတစ်သန်းနီးပါး ထိုင်းနိုင်ငံသို့ဝင်ရောက်လာမည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ပြောသည်။

ထိုင်းနိုင်ငံသို့လာရောက်သည့် ခရီးသွားလေးဦးလျှင် တစ်ဦးမှာ တရုတ်နိုင်ငံ သားဖြစ်သော်လည်း ယခုနှစ်တွင်မူ တရုတ်နိုင်ငံသည် ကိုဗစ် -၁၉ လုံးဝကူးစက်မှု မရှိစေရေး တင်းကျပ်သည့် စည်းကမ်းများချမှတ် လုပ်ဆောင်နေသည့်အတွက် ထိုင်းနိုင်ငံသို့ လာရောက်ရန် မလွယ်ကူပေ။

ထိုင်းနိုင်ငံသည် ဂျပန်နိုင်ငံသား ခရီးသွားများအတွက် စိတ်ဝင်စားစရာကောင်းသည့် ခရီးသွားနေရာတစ်ခုဖြစ်နေဆဲဖြစ်သည်ဟု ခရီးသွားလာမှုဆိုင်ရာ အာဏာပိုင်အဖွဲ့အကြီးအကဲက ပြောသည်။

ယခုနှစ် ကုန်ပိုင်းတွင် ခရီးသွား ၁၀ သန်း ထိုင်းနိုင်ငံသို့ လာရောက်ရန် မျှော်လင့်ထားကြောင်းလည်း ၎င်းက ဆက်ပြောသည်။ ၂၀၂၃ ခုနှစ်သို့ရောက်လျှင် ခရီးသွား သန်း ၂၀ နိုင်ငံအတွင်း လာရောက်လည်ပတ်ရန် မျှော်လင့်ထားပြီး ယင်းအရေအတွက်မှာ ကပ်ရောဂါကာလ မတိုင်မီက အရေအတွက်၏ တစ်ဝက်မျှသာဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် အိန္ဒိယနိုင်ငံသားတချို့ကို တွေ့ရစဉ်။

# သီရိလင်္ကာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူတစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိ

**ကိုလံဘို အောက်တိုဘာ ၁၄**

သီရိလင်္ကာနိုင်ငံ တစ်ဝန်း အောက်တိုဘာ ၁၄ ရက်က မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန (ဒီအမ်စီ) က ပြောသည်။



သီရိလင်္ကာနိုင်ငံ ဒေသတချို့တွင် ရေကြီးနေသည်ကို တွေ့ရစဉ်။

သေဆုံးခဲ့သူမှာ နိုင်ငံအရှေ့ပိုင်း ထရင်ကွန်မလီမြို့မှ ဖြစ်ပြီး ရေကြီးခြင်းကြောင့် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒီအမ်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မိုးလေဝသဌာန၏နောက်ဆုံး ထုတ်ပြန်လိုက်သော မိုးလေဝသ ခန့်မှန်းချက်အရ လေဖိအား နည်းရပ်ဝန်း၏ အရှိန်ကြောင့် နိုင်ငံ၏ဒေသ အတော်များများတွင် တိမ်ထူထပ်နိုင်ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် အစောပိုင်းက မြို့တော်ကိုလံဘို၏ လမ်းများသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခဲ့သည်။

ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းအန္တရာယ် သတိပေးချက်ကို နိုင်ငံ၏ဒေသအတော်များများတွင် ထုတ်ပြန်ထားသည်။ မြေနိမ့်ဒေသတွင် နေထိုင်သူများကို ကုန်းမြင့်ပိုင်းသို့ရွှေ့ပြောင်းရန် သတိပေးထားသည်။

အကယ်၍ အခြေအနေမှာ ယခုထက် ပိုဆိုးလာပါက တပ်မတော်တပ်ဖွဲ့ဝင်များ အနေဖြင့် ကူညီရန် အသင့်အနေအထား တွင်ရှိကြောင်း ဒီအမ်စီက ပြောသည်။

ဆင်ဟွာ

# နှစ်ပေါင်း ၃၀ အတွင်း ပေါ်တူဂီနိုင်ငံသည် ငွေကြေးဖောင်းပွမှုအမြင့်ဆုံးဖြစ်

**လက်စ္စဘွန်း အောက်တိုဘာ ၁၄**

ပေါ်တူဂီနိုင်ငံ၌ စက်တင်ဘာလအတွင်း ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ အဆိုပါ ပမာဏမှာ ၁၉၉၂ ခုနှစ် အောက်တိုဘာလမှစကာ ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါ ပမာဏမှာ ပြီးခဲ့သည့်လကထက် ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ပေါ်တူဂီ စာရင်းအင်းရုံးက ပြောကြားသည်။

ပေါ်တူဂီနိုင်ငံတွင် စွမ်းအင်နှင့် ပြုပြင်မွမ်းမံထားသော စားသောက်ကုန်များ မပါဝင်သည့် နှစ်စဉ်ပင်မ ငွေကြေးဖောင်းပွမှုနှုန်း သည် ယခင်လက ၆ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ စက်တင်ဘာလတွင် ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း၊ လစဉ်စားသုံးသူ ဈေးနှုန်းများသည် ဩဂုတ်လတွင် ၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ရာမှ စက်တင်ဘာလတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွင်း ကျန်းမာရေးဝန်ထမ်း ၄၅၀၀ သေဆုံး

**ဆော်ပိုလို အောက်တိုဘာ ၁၄**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လူ့အသက်များ ကယ်တင်ရန် လုပ်ဆောင်နေစဉ် ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ကျန်းမာရေးဝန်ထမ်း ၄၅၀၀ သေဆုံးကြောင်း ပြည်သူ့ဝန်ဆောင်မှု လုပ်သားများကို ကိုယ်စားပြုသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့ချုပ်က အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

သေဆုံးသူများ ထဲတွင် သူနာပြု ၁၁၈၄ ဦး ပါဝင်ကြောင်း သိရပြီး ၁၀ ဦးတွင် ရှစ်ဦးမှာ အမျိုးသမီးများ ဖြစ်ကြကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်ရေးရာ အဖွဲ့နှင့် ဆက်စပ်သည့် နိုင်ငံတကာ ပြည်သူ့ဝန်ဆောင်မှု (ပီအက်စ်အိုင်) က ထုတ်ပြန်ထားသည်။ သေဆုံးမှုများသည် ၂၀၂၀ ပြည့်နှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကြား စာရင်းဖြစ်ကြောင်း ပီအက်စ်အိုင်က ပြောကြားသည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၈၇၀၂၆ ဦးဖြင့် ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယမြောက် သေဆုံးမှုအများဆုံးဖြစ်ပြီး အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယမြောက် ကိုဗစ်-၁၉ ဖြစ်ပွားမှု အများဆုံးနိုင်ငံဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ပီအက်စ်အိုင်သည် နိုင်ငံပေါင်း ၁၅၄ နိုင်ငံတွင် အလုပ်သမားသန်း ၃၀ ကို ကိုယ်စားပြုသည့် အလုပ်သမားသမဂ္ဂ ၇၀၀ ကျော်ကို စုစည်းထားကြောင်း ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ




ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ဒေလီမြို့သို့ပျံသန်းမည့် လေကြောင်းခရီးစဉ်အတွက် ဗုံးအန္တရာယ် သတင်းပေးချက်မှာ နောက်ပြောင်မှုသာဖြစ်

**နယူးဒေလီ အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၄ ရက်တွင် နယူးဒေလီအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လုံခြုံရေးအေဂျင်စီများမှာ ဗုံးအန္တရာယ် သတင်းပေးမှုကြောင့် အလုပ်ရှုပ်ခဲ့ရသည်။ မော်စကိုမှ လာမည့်လေယာဉ်တွင် ဗုံးတပ်ဆင်ထားသည်ဟူသော သတင်းပေးချက်ကြောင့် လုံခြုံရေးအေဂျင်စီများ အလုပ်ရှုပ်ခဲ့ရခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အဆိုပါသတင်းပေးခြိမ်းခြောက်မှုမှာ နောက်ပြောင်မှုတစ်ခုသာဖြစ်သည်ဟု တွေ့ရှိခဲ့သည်။ လေဆိပ်ထိန်းချုပ်ရေးစင်တာ အီးမေးလ်သို့ ဗုံးအန္တရာယ် ခြိမ်းခြောက်မှုသတိပေးချက်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါအီးမေးလ်ကိုပေးပို့သူအားရှာဖွေလျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။ ဗုံးအန္တရာယ်သတိပေးမှုကြောင့် ဗုံး ဖယ်ရှားရေးအဖွဲ့နှင့်ကယ်ဆယ်ရေးအဖွဲ့များလည်း လေဆိပ်သို့ရောက်ရှိခဲ့ကြသည်။ နယူးဒေလီမြို့ရှိ အင်ဒီရာဂန္ဒီ လေဆိပ်သို့ အဆိုပါလေယာဉ်ဆိုက်ကပ်လာသည့်အခါ ခရီးသည်များနှင့်လေယာဉ်အမှုထမ်းများ လုံခြုံစိတ်ချစွာ လေယာဉ်ပေါ်မှ ဆင်းနိုင်ခဲ့ကြသည်။ လေယာဉ်ကိုလည်း စေ့စေ့စပ်စပ်ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်ဟု ဒေလီ ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်သည်။ ဗုံးတပ်ဆင်ထားမှုကိုရှာမတွေ့ခဲ့ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၃၈၆ ဦးနှင့် လေယာဉ်အမှုထမ်း ၁၆ ဦးလိုက်ပါလာခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။

ဆင်ဟွာ

## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား KNLA တပ်မဟာ (၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား အခုလ(၁၂)ရက် နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ရာ ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဗုဒ္ဓဘာသာအမျိုးသားရေးအင်အားစု၊ မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းများက လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### နေပြည်တော် ကောင်စီနယ်မြေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက် ဗုဒ္ဓဟူးနေ့ နံနက်က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်အား တက်ရောက်ဖူးမြော်ကြမည့် ကင်မွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ ၆၀ မမ၊ ၄၀ မမ လက်နက်များ၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြသည်ဟု သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ဘုရားဖူးရဟန်း၊ ရှင်၊ လူ၊ မိန်းမနှင့် ကလေးငယ်များအပါ ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ဘုရားဖူးပြည်သူများအား ဤသို့ပစ်မှတ်ထား တိုက်ခိုက်သည့် ရှုံ့ရှာဖွယ် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ နေပြည်တော်ကောင်စီနယ်မြေဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသားများမှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**နေပြည်တော်ကောင်စီနယ်မြေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**

### ဗုဒ္ဓဘာသာအမျိုးသားရေးအင်အားစု သဘောထားထုတ်ပြန်ချက်

(၁၂- ၁၀ -၂၀၂၂)

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်သို့ တက်ရောက်ဖူးမြော်ကြမည့် ကင်ပွန်းစခန်းရှိ တောင်တက်ယာဉ်စခန်းအား အကြမ်းဖက် PDF များမှ လက်နက်များဖြင့် ပစ်ခတ်ခဲ့ကြရာ အပြစ်မဲ့ဘုရားဖူး ပြည်သူစုစုပေါင်း ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့ပြီး အမျိုးသမီး ၃ ဦး သေဆုံးကြောင်း သိရှိရပါသည်။

၂။ ဘုရားဖူးခြင်းသည် ကုသိုလ်ရေးကိစ္စဖြစ်သည်။ မည်သည့် စစ်အခြေစိုက်စခန်းမှမရှိသော ကင်ပွန်းစခန်း တောင်တက်မော်တော်ယာဉ်ဂိတ်သို့ တိုက်ခိုက်ခြင်းသည် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးနိုင်မှန်း သိလျက်နှင့် လူမဆန်သည့် အကြမ်းဖက် လုပ်ရပ်ကို သက်သက်ရွေးချယ်ကာ လုပ်ဆောင်ခြင်းဖြစ်၍ မိမိတို့မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**ဗုဒ္ဓဘာသာအမျိုးသားရေးအင်အားစု**

### ရန်ကုန်တိုင်းဒေသကြီးဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်တက်ကားဂိတ်အနီး၌ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာကြသော အပြစ်မဲ့ဘုရားဖူးပြည်သူ ၃ ဦးသေဆုံးခြင်း၊ ၁၉ ဦး ထိခိုက်ဒဏ်ရာ ရရှိခြင်းများအတွက် စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကုသိုလ်ယူခြင်း၊ ကုသိုလ်ကောင်းမှု ပြုလုပ်နေသော အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သည့် လူသားမဆန်သော အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရန်ကုန်တိုင်းဒေသကြီးဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့**

### မန္တလေးတိုင်းဒေသကြီးဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်

၁။ မွန်ပြည်နယ်၊ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကင်မွန်းချောင်းတောင်တက်စခန်းအား ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးလာကြသော အပြစ်မဲ့ဘုရားဖူးပြည်သူ ၃ ဦးသေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ သီတင်းကျွတ်အခါသမယတွင် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော် စေတီတော်မြတ်ကြီးသို့ အေးချမ်းစွာဖြင့် ဘုရားဖူးလာရောက်ကြသည့် အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မန္တလေးတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

### တနင်္သာရီတိုင်းဒေသကြီးဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်

၁။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ကင်မွန်းချောင်းတောင်တက်စခန်းအား ၂၀၂၂ ခုနှစ် ၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် စိတ်မချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ဝါကျွတ်ကာလတွင် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် စေတီတော်မြတ်ကြီးသို့ အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ပွားများနေခြင်းကို ပျက်စီးစေလိုသော ယုတ်ညံ့သေးသိမ်သည့် စိတ်သဘောထားဖြင့် လူမဆန်သောအကြမ်းဖက်ပြုလုပ်သည့် အကြမ်းဖက်အဖွဲ့အစည်းအား တနင်္သာရီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**တနင်္သာရီတိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့**

### ရှမ်းပြည်နယ်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်

၁။ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကုသိုလ်ကောင်းမှုပြုလုပ်နေသည့် ဘုရားဖူးခရီးသွားပြည်သူများအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးခြင်းနှင့် ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၂။ ယခုလို အေးချမ်းစွာဖြင့် ဘုရားဖူးလာရောက်ကြသည့် အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား ရှမ်းပြည်နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**ရှမ်းပြည်နယ်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့**

### မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

ဘုရားဖူးအပြစ်မဲ့ပြည်သူများ သေဆုံးခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA)မှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်။

၁။ ၂၀၂၂-ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့ နံနက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် တောင်ခြေ ကင်မွန်းစခန်း တောင်တက်ကားဂိတ်အနီး၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဘုရားဖူးအပြစ်မဲ့ ပြည်သူ ၃ ဦး သေဆုံးခြင်း၊ ၁၉ ဦးဒဏ်ရာရရှိခြင်းများအတွက် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများနှင့်တကွ သက်ဆိုင်သူ မိသားစုများအားလုံးနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် မိမိတို့ယုံကြည်ရာ ဘာသာတရားများအတိုင်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်လျက် ငြိမ်းချမ်းစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသော နိုင်ငံဖြစ်ပြီး၊ သာသနာပြုဆရာတော်ကြီးများ၊ သာသနာပြုပုဂ္ဂိုလ်များ၊ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက် အဖွဲ့အစည်းများမှ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းများ၊ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် သာသနာ့အဆောက်အဦများနှင့် သာသနာ့နယ်မြေများအတွင်း ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်ဖျက်ဆီးခြင်းများကို မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် (MECA)**

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦး ရှိ

(၁၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၂၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၅၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၃၀,၆၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၇,၉၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၀၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၂,၀၉၉) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၇၀) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေ အနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက် မခံ ယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

(၁၂-၁၀-၂၀၂၂)

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ကျိုက်ထီးရိုးဘုရား ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ဘုရားဖူးပြည်သူ ၃ ဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ကို စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ ကျိုက်ထီးရိုးဆံတော်ရှင် မြတ်စွာဘုရားအား တက်ရောက်ဖူးမြော်ကြမည့် အပြစ်မဲ့ဘုရားဖူးပြည်သူများကို လူမဆန်စွာပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၀၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၉၄၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၈၆ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၂၃၈၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊



သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## အင်းတော်မြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်

**အင်းတော် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အနေဖြင့် Mask Camping ပြုလုပ်ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၄ ရက်က အင်းတော်မြို့တွင်းရှိ လူစည်ကားရာနေရာဖြစ်သော အင်းတော်မြို့ မြို့မဈေးအတွင်း အင်းတော်မြို့ မြို့နယ်ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မြို့မဈေးအတွင်း လာရောက်ကြသော ဈေးသူ/ဈေးသားများ၊ ဈေးဝယ်ပြည်သူများ၊ အင်းတော်မြို့အတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် နေအိမ်ပြင်ပသို့ ထွက်ရှိလာသူများအား နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်း၊ နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်ပေးခြင်းများကို ဆောင်ရွက်သည်။ ယင်းအဖွဲ့တွင် အင်းတော်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် ဌာနဆိုင်ရာများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **ကျော်သီဟ**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ယှဉ်ပြိုင်

## ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ




ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဒိုးပတ်(အတီး) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိသတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယခုနှစ်ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များ၏ အဆင့်သတ်မှတ်ချက်ကို အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့် ဟူ၍ သတ်မှတ်ထားကြောင်း၊ ဆုချီးမြှင့်ရေးနှင့်ပတ်သက်၍လည်း ယခင်နှစ်များထက် ပိုမိုသည့် ဆုကြေးငွေများ ချီးမြှင့်နိုင်ရန် ဆောင်ရွက်ထားကြောင်းနှင့် ဂုဏ်ပြုလက်မှတ်နှင့် ဆုတံဆိပ်များကို ပိုမိုတင့်တယ်မှုရှိစေရန် စီစဉ်ထားကြောင်း သိရသည်။

### မဟာဂီတ အဆိုပြိုင်ပွဲ

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စက်လဲဘုံဘွေ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပန်းမြိုင်လယ်" (ယိုးဒယား) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စိန်ကြယ်ညီးလင်း"(မွန်) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အောင်မြေမြမန်း" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ခြေတစ်ခွင်" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ)ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပန်းဟောဝန်" (ယိုးဒယား) ဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းသည့် မြန်မာ့ဂီတရသကို ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။



မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း)အဆင့်တွင် မွန်ပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်စဉ်။

### ကာလပေါ် အဆိုပြိုင်ပွဲ

**"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်ရတု ထံတျာ" သီချင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စိမ်း" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အမိုက်မလေး ငှက်ငယ်" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေတိဂုံသမိုင်း" သီချင်းဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တစ်ဆောင်းသစ်ပြန်ပြီ" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆုတောင်းပါလေ အိမ်သူဆွေ" သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ဖူးပွင့်ဝေစီဆယ့်နှစ်ရာသီ" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပန်းချီကားတိုင်းပြည်" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်နွေ၊ သည်မိုး၊ သည်ဆောင်း" သီချင်းဖြင့်လည်းကောင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာသာကီရဲ့သွေးနီ" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖူးရွှေလက်တင်" သီချင်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုတ်တလုတ်ကန်" သီချင်းဖြင့် လည်းကောင်း ဖော်ကျူးသီဆိုယှဉ်ပြိုင်ကြသည်။

### အကပြိုင်ပွဲ

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာ အသုံးပြု၍ ငြိမ့်ညောင်းသည့် ကကွက်များဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာအသုံးပြု၍ ကကြိုးကကွက် စုံလင်စွာဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

### ရုပ်သေးကြိုးဆွဲပြိုင်ပွဲ

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်းသား" ကြိုးဆွဲရုပ်သေးရုပ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇော်ဂျီ" ကြိုးဆွဲရုပ်သေးရုပ်ဖြင့်လည်းကောင်း ကကြိုး ကကွက်စုံလင်စွာ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်များအားလုံး ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် "မင်းသမီး" ကြိုးဆွဲရုပ်သေးရုပ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်းသား" ကြိုးဆွဲရုပ်သေးရုပ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇော်ဂျီ" ကြိုးဆွဲရုပ်သေးရုပ်ဖြင့်လည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်များအားလုံး ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် "မင်းသမီး" ကြိုးဆွဲရုပ်သေးရုပ်ဖြင့်လည်း ဆက်လက်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ "ငါးပါဒအကချေရာ" ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန်းသိင်္ဂါရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

### ဇာတ်တော်ကြီးပြိုင်ပွဲ

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ "ရာမာယဏ"ဇာတ်တော်ကြီး ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဖျာပုံရာမာယဏ ဇာတ်တော်ကြီးအဖွဲ့က မူရင်းရာမာယဏ ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

### အရေးပြိုင်ပွဲ

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ *စာမျက်နှာ ၁၇ သို့*

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေ ရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

*စာမျက်နှာ ၁၆ မှ*

စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက "မွေခံထိုက်စေ" ခေါင်းစဉ်ဖြင့် ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဒိုးပတ်ပြိုင်ပွဲ**

**ဒိုးပတ်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ (လေ့ကျင့်ရေး ဇာတ်ရုံ)၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များက လည်းကောင်း မြူးကြွသွက်လက်သည့် ဒိုးပတ်သံသာများဖြင့် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရဝိန်ဒေါင်းယာဉ်ပျံ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဉ္ဇာကြာညောင်" (ယိုးဒယား) ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပြည်ပြည်မင်းပေါင်း"(သီချင်းခံ) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရဝိန်ဒေါင်းယာဉ်ပျံ" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပြည်ပြည်မင်းပေါင်း" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြန်သပြေဖွေ တကျွန်းခြားမြေ"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကျ" (ကြိုး) ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညဥ့်သုံးယံခါ" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆီးနှင်းပြိုက်ကျ"(ကြိုး) ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "မြန်သပြေဖွေ တကျွန်းခြားမြေ" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ညဥ့်သုံးယံခါ"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပြောင်ပြောင်နာဂိန်"(ကြိုး) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အတိုင်းမသိ မင်္ဂလာ"(ဘွဲ့) ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "လူမနော"(ပတ်ပျိုး) ဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**တယောအတီးပြိုင်ပွဲ**

**တယောအတီးပြိုင်ပွဲ** ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောမြိုင်စွန်း" (ယိုးဒယား) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ခိုင်ပန်းစုံမှန်မာလာ" (ယိုးဒယား) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ"(ပတ်ပျိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြနန္ဒာ" (ကာလပေါ်)ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ" (ကြိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စက်လဲပျော်ပါနိုင်" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မေတ္တာလွှမ်းခြုံ" (မြန်မာ့အသံအဖွဲ့) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာအောင်ချာ" (ကြိုး) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကောက်စိုက်မ" (စိန်ပါတီ) ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား)ဖြင့် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သိင်္ဂါရွှေရောင်" (ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆန်းနွေဦး"(ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကောက်စိုက်မ"(စိန်ပါတီ) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆန်းဆန်းသဉ္ဇာကြာညောင်" (မိုးဘွဲ့ယိုးဒယား) ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းဆန်းသဉ္ဇာကြာညောင်" (မိုးဘွဲ့ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး) ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်အတီးပြိုင်ပွဲ**

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှုန်ပြာဝေ" (ယိုးဒယား) ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပြည်ပြည်မင်းပေါင်း"(သီချင်းခံ) ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း"(သီချင်းခံ) ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ပုံပမာ"(ကြိုး) ဖြင့် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဘုံဆောင်မြင့်" (ကြိုး) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) ဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများ ကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် ပါဝင်သောလူမှုရေး ဦးတည်ချက်ဖြစ်သည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"ဆိုသည့် ဦးတည်ချက်အတိုင်း (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အနေဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိသည်။

ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပန်းခင်းကြီးဟု တင်စားရမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများနှင့် အဆင့်အတန်းမြင့်မားသည့် လူမှုရေးစံနှုန်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း၊ သိမ်မွေ့နက်ရှိုင်းသည့် မြန်မာမှုအနုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားမည့် မျိုးဆက်သစ် လူငယ်များစွာ ပေါ်ထွန်းလာခြင်း၊ အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် ယဉ်ကျေးမှုအမွေခံ ပတ်ဝန်းကျင်ကောင်း တစ်ရပ်ကို ဖော်ထုတ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




အကပြိုင်ပွဲ အဆင့်မြင့်ပညာဆင့် အမျိုးသမီးပြိုင်ပွဲ ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)တွင် တနင်္သာရီတိုင်းဒေသကြီးမှ "မွေခံထိုက်စေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။

## ရိုးရာအမွေ ထိန်းသိမ်းစို့

- အမျိုး၏ဂုဏ် ဇာတိဂုဏ်
မွှေးထုံစေရေး အစဉ်တွေး
ယဉ်ကျေးအမွေ ထိန်းသိမ်းလေ
အခြေမြှင့်ရန် စိတ်ရည်သန်
ဇာတိမာန်ဟော့ ဇာတိမာန်။
- မြန်မာ့အခြေခံ ဇာတိမာန်
မူမှန်ရှေးရှု ယဉ်ကျေးမှု
အနုပညာ ပွဲတော်မဟာ
ယှဉ်ကာခြိမ့်သဲ တို့ပြိုင်ပွဲ
နွဲတယ်လေလေ့ နွဲတယ်လေ့။
- ဆိုကရေးတီး ရှုမငြီး
အံ့ချီးဖွယ်ရာ တို့ပညာ
စဉ်လာသမိုင်း ဂုဏ်မရိုင်း
သမိုင်းမှာကြည့် ထင်ရှားဘိ
ရှိတယ်လေလေ့ ရှိတယ်လေ့။
- ပြည်ထောင်စုသား ညီနောင်များ
အင်အားပြည့်ဝ စွမ်းရည်ပြ
မြန်မာ့အခြေ မြှင့်နိုင်စေ
အမွေအနှစ် မျိုးဂုဏ်စစ်
ချစ်ဖွယ်လေလေ့ ချစ်ဖွယ်လေ့။
- ဆိုကရေးတီး ပြိုင်ပွဲကြီး
ခရီးတာရှည် နွဲနိုင်စေ
တို့တွေကြိုးပမ်း လက်ဆင့်ကမ်း
ထမ်းဆောင်ရွက်ကာ တို့မြန်မာ
သာတယ်လေလေ့ သာတယ်လေ့။ ။

မောင်လေပြေ (တောင်တွင်း)

မြန်မာ့အလင်း စနေ၊ အောက်တိုဘာ ၁၅၊ ၂၀၂၂

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၈၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၅ | ၂၇၅၅ | ၂၈၆၅ | ၂၈၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၃၀ | ၂၉၄၀ | ၂၉၃၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၇၅ | ၂၈၈၀ | ၂၈၈၀ | ၃၁၀၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၇ |
| 95 Ron | ၁၉၅၂ | ၂၀၂၅ |
| HSD (500 ppm) | ၂၆၀၃ | ၂၆၈၅ |
| HSD (50 ppm) | ၂၆၇၄ | ၂၇၅၇ |
| HSD (10 ppm) | ၂၆၇၄ | ၂၇၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## CRPH နှင့် NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်ထားရှိမှု အခြေအနေ



၂၃၂ ကေဗွီ ဘီလူးချောင်း(၂)- တီကျစ်ဓာတ်အားလိုင်းအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



၂၃၂ ကေဗွီ ဘီလူးချောင်း(၂)- တီကျစ်ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ဓာတ်အားလိုင်းအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



၂၃၀ ကေဗွီ ဘီလူးချောင်း(၂)- ရွှေမြို့ဓာတ်အားလိုင်းအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၀-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အင်္ဂုလိမာလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(စတုတ္ထနေ့)
**၀၉:၀၀** 'တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ Video Message မိန့်ခွန်း'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ထပင်းကြမ်းခဲ၏တန်ဖိုး'**
**၁၁:၄၅** ခံတွင်းမြိန်စရာသူ့လက်ရာ **'ဆိတ်ဒူကြမ်းကာလသားချက်'**
**၁၃:၃၀** MRTV National News
**၁၄:၂၅** Weekly MNL Review
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် **'စည်းလုံးကြစို့'**
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၂၀** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၃၅** **'လူသားအားလုံးအတွက် လက်သန့်ရှင်းရေး'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ...သိရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့...နီးလေး'** အပိုင်း(၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** '(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ' (ပဥ္စမနေ့)
**၂၁:၁၅** (၁၀)ဖြာမင်္ဂလာ(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) **'သမဏာနဥ္စဒဿနံ'** နှင့် **'ကာလေန ဓမ္မသာကစ္ဆာ'**
**၂၂:၂၅** ဟိုတုန်းက...ရေဒီယိုအသံလွှင့်ဇာတ်လမ်း 'ရုပ်ရှင်မင်းသမီး **နှင်းမွှေးခိုင်**'

**mitv**

**07:01** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Weekly Review
**07:26** Myanmar Orchestra (Thachinkhant)
**07:30** Ngapali Beach: Fishing Villages
**07:37** Faces Of ASEAN (Indonesia)
**07:41** Myanmar Designer Studio: Zin Htun
**08:01** News
**08:27** Discovering Tribes: Khti Shan (Part-II)
**08:41** The Great Collector: Myanmar Antique Furniture and Handicraft
**09:01** Quiz Time (Ep-25)
**10:01** News
**10:27** Products of Myanmar - Strong And Stylish Pakokku Slippers
**10:39** Listening Pleasure, Instrumental Music (Mandolin) Special Show

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သူတို့ယုံကြည်ရာ
**ချင်း (လိုင်ဇိုး) (၇:၀၀ မှ ၈:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း-၂)
**ချင်း (ချို) (၀၈:၀၀ မှ ၀၉:၀၀)**
ရှားပါးလာသောရိုးရာတောင်းရက်လုပ်ခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာထိမ်မြားမင်္ဂလာ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ပြေးပဒေသာ(မဏိစန္ဒာနှင့်ပုလဲစိန်)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၃)
**'ဝ' (၁၅:၀၀ မှ ၁၇:၀၀)**
တောင်ပေါ်မြို့ကပြာရည်ထုပ်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒါကြက်ဥပွတင်းလုပ်ကြမယ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဖားဆောင်းမြို့နယ်အတွင်းရှိအဆင့်မြင့်မော်ချီးသတ္တုတွင်း
**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကျန်းမာအောင်အသက်ရှင်နေထိုင်ခြင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၀၀** 'တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ Video Message မိန့်ခွန်း'
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"တံစိုးလက်ဆောင်ရယူခြင်း"**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၅)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၅** တောင်သူဘဝတိုးတက်ရေး FAO ကကူညီပေး
**၀၆:၄၅** ကမ္ဘာ့စားနပ်ရိက္ခာနေ့(၂၀၂၂)ခုနှစ် ဝုဏ်ပြုအစီအစဉ်
**၀၇:၁၀** ညောင်ဦးဒေသမှအိမ်ပြန်လက်ဆောင်
**၀၈:၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၉:၁၀** ဓာတ်မြေသြဇာအရေးပါစံချိန်အရည်အသွေးအလေးထားစရာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info/Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


World Food Day

# ကမ္ဘာ့စားနပ်ရိက္ခာနေ့

၂၀၂၂ အောက်တိုဘာ ၁၆ ရက်

ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင်
ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ
လူတိုင်းစေ့င ရရှိကြ


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကာ ၁၅-၁၀-၂၀၂၂ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၁၀ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၆၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၄၀ ကျပ် | ၂၇၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၉၀ ကျပ် | ၂၀၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၄၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၇၄ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၄ . ၉၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၂၂ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၄၆ . ၆၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၁ . ၇၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၀၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၅၀၅ | ၁၄၁၄၇၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၂၀၅၄ | ၄၂၂၄၁၉၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၈ | ၁၄၂၂၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၂၅၈ | ၅၅၄၆၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၇၈ | ၄၈၉၅၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၂၀ | ၅၅၀၀၀ |
| AHP | ၅၁၀၀ | ၅၀၀၀ | ၆၀၉ | ၃၀၆၇၃၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဟသ်ာကုန်းရပ်ကွက်နေ အောင်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Aung Myo Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် (၇)မိုင်ကျေးရွာနေ မျိုးဇာဇာအောင်(ခ) မိဇာသည် ၎င်းအသုံးပြုသည့် “Myo Zar Zar Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၂) ရပ်ကွက်နေ သန့်ဇင်ထွန်းသည် ၎င်းအသုံးပြုသည့် “Thant Zin Thant” Facebookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာ ၁၂ ရက်တွင်** နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် (၂ ဒသမ ၄၇၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၇၄၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီနှင့်ဆက်စပ်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ်ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်းနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၆၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၆၉၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **အောက်တိုဘာ ၁၄ ရက်တွင်** ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရေအပူပေးစက် ၂၁ လုံး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ (၇ ဒသမ ၄၂၄၀) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၆၆၇၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၉၃၄၁၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ပရီမီယာလိဂ်ပွဲစဉ် (၁၁) လီဗာပူးနှင့် မန်စီးတီး ထိပ်တိုက်တွေ့ဆုံ စပါးနှင့် အဲဗာတန်၊ မန်ယူနှင့် နယူးကာဆယ်တို့ ယှဉ်ပြိုင်မည်

**ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှာ လီဗာပူးနဲ့ မန်စီးတီး ထိပ်တိုက်တွေ့ဆုံနေသလို အမှတ်ပေးဇယား အောက်ဆုံးက လက်စတာကလည်း ကစားရခက်ခဲတဲ့ ပဲလေ့စ်အသင်းနဲ့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။**

### လက်စတာ နှင့် ပဲလေ့စ်

**၁၅-၁၀-၂၀၂၂ စနေနေ့ ည ၆:၀၀**

လိဂ် ကိုးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားပြီး အဆိုးရွားဆုံးရာသီ စတင်မှုနဲ့ ရင်ဆိုင်နေရတဲ့ လက်စတာက တန်းဆင်းဇုန်အထက်က ပဲလေ့စ်ကို ရင်ဆိုင်ကစားရမှာပါ။ လက်စတာရော ပဲလေ့စ်အသင်းပါ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတာကြောင့် နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာမှာပါ။ လက်စတာ ရလဒ်ကောင်း ရရှိမယ်။

### စပါး နှင့် အဲဗာတန်

**၁၅-၁၀-၂၀၂၂ စနေနေ့ ည ၁၁:၀၀**

စပါးအသင်းက ယခုပွဲစဉ်မတိုင်မီ ချန်ပီယံလိဂ် ကစားထားရတာကြောင့် ပွဲပန်းနေနိုင်တယ်။ ယခုပွဲစဉ်ပြီးရင်လည်း မန်ယူအသင်းနဲ့ ရင်ဆိုင်ကစားရဖို့ ရှိတယ်။ အဲဗာတန်အသင်းက ပြီးခဲ့တဲ့ လိဂ်ပွဲမှာ မန်ယူအသင်းကို ရှုံးနိမ့်ထားတာကြောင့် ချေဖျက်ဖို့ ကြိုး စားလာမှာပါ။ ကစားရခက်ခဲပြီး စပါးကပ်နိုင်မယ်။

### မန်ယူ နှင့် ကာဆယ်

**၁၆-၁၀-၂၀၂၂ တနင်္ဂနွေနေ့ ည ၇:၃၀**

ပုံစံကောင်းရရှိဖို့ ရုန်းကန်နေရတဲ့ မန်ယူနဲ့ ခြေစွမ်းထက်မြက်နေတဲ့ နယူးကာဆယ်အသင်းတို့ ရမှတ်ကွာဟမှုက တစ်မှတ်သာ ရှိတယ်။ နောက်ဆုံးနှစ်ပွဲမှာ ပြိုင်ဘက်ကို ဂိုးပြတ်အနိုင်ယူထားတဲ့ ကာဆယ်က မန်ယူအသင်းထက် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်း တည်ငြိမ်တယ်။ ကာဆယ် အဆုံးသတ်မသေချာရင် မန်ယူနိုင်မယ်။

### လီဗာပူး နှင့် မန်စီးတီး

**၁၆-၁၀-၂၀၂၂ တနင်္ဂနွေနေ့ ည ၁၀:၀၀**

ဒီနှစ်သင်း နောက်ဆုံးလေးကြိမ် တွေ့ဆုံမှုမှာ လီဗာပူးက နှစ်ပွဲနိုင်ပြီး နှစ်ပွဲ သရေကျထားတယ်။ လက်ရှိခြေစွမ်းအရ မန်စီးတီးအသင်းက လီဗာပူးအသင်းထက် ခံစစ်တည်ငြိမ်ပြီး တိုက်စစ်ထက်မြက်တာ တွေ့ရတယ်။ အမှတ်ပေးဇယား ရပ်တည်မှုအရ လီဗာပူး မဖြစ်မနေ နိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။

■ မိုးဇက်

# ယူရိုပါလိဂ်အုပ်စုပွဲစဉ် (၄) အိုမိုနီးယားကို မန်ယူအနိုင်ရ အုပ်စု ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အုပ်စုပွဲစဉ် (၄) မှ မန်ယူနှင့် အိုမိုနီးယားအသင်းတို့ ပွဲစဉ်ကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်း ပြိုင်ဘက်အပေါ် ဂိုးကန်သွင်းခွင့်အသာ၊ ခြေအသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေး ကစားနိုင်ခဲ့သည်။ ပြိုင်ဘက် အိုမိုနီးယားအသင်းက မန်ယူအသင်းဘက်သို့ ရံဖန်ရံခါသာ ထိုးဖောက်ကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် စုစုပေါင်း သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။

မန်ယူအသင်းက ပြိုင်ဘက်အသင်းဘက်သို ဂိုးကန်သွင်းခွင့် ၃၄ ကြိမ်ထက်မနည်း ပြုလုပ်နိုင်ပြီး ဂိုးပေါက်တည့်မတ်မှု ၁၃ ကြိမ်ရှိခဲ့သော်လည်း ဂိုးသမား လက်စွမ်းပြ ကာကွယ်နိုင်မှုကြောင့် သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် တွန်မီနေးက သွင်းယူပေးခဲ့သည်။ ယခုအနိုင်ပွဲကြောင့် မန်ယူက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုဒုတိယတွင် ရပ်တည်နိုင်ခဲ့သည်။

ပရီမီယာလိဂ်မှ အာဆင်နယ်က အဝေးကွင်း၌ နော်ဝေကလပ်ဘိုဒိုဂလင့်ကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရသည်။

**အောင်ဇော်**



# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်း တောင်တက်ကားဂိတ်အား KNLA တပ်မဟာ (၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ မန္တလေးမြို့၌ ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး ကင်မွန်းချောင်း တောင်တက် ကားဂိတ်အား ယခုလ ၁၂ ရက် နံနက်ပိုင်းတွင် KNLA တပ်မဟာ (၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ က လက်နက်ကြီး၊ လက်နက်ငယ် များဖြင့် အကြောင်းမဲ့ ရက်စက် မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့ရာ ဘုရားဖူးပြည်သူ သုံးဦး သေဆုံး ခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ သည်။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက် ၍ ပြင်းထန်စွာ ရှုတ်ချကြောင်းကို ယနေ့တွင် မန္တလေးတိုင်းဒေသ ကြီး မန္တလေးမြို့ရှိ အထက်မြန်မာ ပြည် မျိုးချစ်မြန်မာ ရဟန်းတော် များသမဂ္ဂ(မန္တလေး)မှ သံဃာ တော်များနှင့် မန္တလေးမြို့နေ အကြမ်းဖက်မှုများကို မလိုလား သော ဒေသခံပြည်သူများ စုပေါင်း ၍ မဟာမြတ်မုနိဘုရား၊ အောင်တော်မူဘုရားနှင့် စန္ဒာ မုနိဘုရား အနီးတစ်ဝိုက်တို့တွင် "ဗုဒ္ဓဘာသာကို အကြမ်းဖက်သော အစွန်းရောက်လူသတ်ကောင်များ အလိုမရှိ၊ KNLA ၊ NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များ အလိုမရှိ၊ KNLA ၊ NUG ၊ CRPH အမည်ခံ အကြမ်းဖက် အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားတို့၏ ကျိုက်ထီးရိုးဘုရားဖူး ပြည်သူများ အပေါ် အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်မှုလုပ်ရပ်အား ဆန့်ကျင်ကြ" စသည့် ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ကြွေး ကြော်၍ အေးချမ်းစွာ ဆန္ဒ ထုတ်ဖော်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# "Right Information Saves and Empowers ASEAN" (RISE ASEAN) ဗွီဒီယိုကလစ်လမ်းတိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

အာဆီယံအဖွဲ့ဝင် နိုင်ငံများ အကြား ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ခရီးသွားလုပ်ငန်း၊ ပညာ ရေး စသည့်ကဏ္ဍကြီးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တိကျ မှန်ကန်သော သတင်းများဖြင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ "Right Information Saves and Empowers ASEAN" (RISE ASEAN) ဗွီဒီယိုလမ်းတိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပ သည်။




အခမ်းအနားသို့ မြန်မာ့အသံ နှင့်ရုပ်မြင်သံကြား ညွှန်ကြား ရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ တာဝန် ရှိသူများ၊ ဆုရွေးချယ်ရေး အကဲ ဖြတ် ဒိုင်အဖွဲ့ဝင်များနှင့် ဆုရရှိသူ များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညွှန်ကြား ရေးမှူးချုပ် ဦးရဲနိုင်က ကမ္ဘာ တစ်ဝန်း ဖြစ်ပွားခဲ့သည့် ကိုဗစ်- ၁၉ ကပ်ရောဂါဆိုးကြီးကြောင့် လူအများအသက်ဆုံးရှုံးမှု အပါ အဝင် စီးပွားရေးမှစ၍ နယ်ပယ် များစွာတွင် ထိခိုက်နစ်နာဆုံးရှုံးမှု များ ကြုံတွေ့ကြရပါကြောင်း၊ တစ်ချိန်တည်းတွင် Social Media များမှတစ်ဆင့် သတင်းတု၊ သတင်းမှားများ၏ အန္တရာယ် ကိုလည်း ရင်ဆိုင်ကြုံတွေ့နေကြ ရပါကြောင်း၊ အဆိုပါ သတင်းတု၊ သတင်းမှားများ အန္တရာယ်ကို တိကျသော သတင်းမှန်များ ဖြင့် ထိရောက်စွာ တုံ့ပြန်နိုင်ခြင်း ဖြင့် ပြည်သူများအကြား အသိ ပညာပေးရန် လိုအပ်ပါကြောင်း၊ အာဆီယံ နိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံမှ Project Coordi- nating Country အဖြစ် တာဝန်ခံ ဆောင်ရွက်သည့် "Short Video Contest" ဗွီဒီယိုလမ်းတိုပြိုင်ပွဲကို နိုင်ငံအလိုက်ကျင်းပရန် အာဆီယံ အဖွဲ့ဝင်များ သဘောတူ ခဲ့ကြသဖြင့် ယင်းစီမံကိန်းကို မြန်မာနိုင်ငံအတွက် မြန်မာ့အသံ နှင့်ရုပ်မြင်သံကြား၊ MITV ဌာနခွဲ က စီမံကိန်းတာဝန်ခံ (Focal Person) အဖြစ် တာဝန်ယူဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြား သည်။

ဆက်လက်၍ ညွှန်ကြား ရေးမှူးချုပ် ဦးရဲနိုင်က "Counter- ing the Infodemic" ခေါင်းစဉ်ဖြင့် ပထမဆုရရှိသူ မောင်သူထူးဇင် အား ဆုငွေကျပ် ၁၅ သိန်း၊**(အပေါ်ပုံ)** "Awareness on Fake News" ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသူ မောင်ထိန်လင်းဦးအား ဆုငွေ ကျပ် ၁၀ သိန်းနှင့် "T.H.I.N.K" ခေါင်းစဉ်ဖြင့် တတိယဆုရရှိသူ မသစ်မွှေးအောင်အား ဆုငွေကျပ် ရှစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများကို ပေးအပ်ချီးမြှင့်သည်။

"Right Information Saves and Empowers ASEAN" (RISE ASEAN) ဗွီဒီယိုလမ်းတိုပြိုင်ပွဲကို အာဆီယံ လူမှုအသိုက်အဝန်း အတွင်း သတင်းတု၊ သတင်းမှား များ၏ အန္တရာယ်ကို တိကျသော သတင်းမှန်များဖြင့် Social Media အပါအဝင် Platform များမှ ထိရောက်စွာ တုံ့ပြန်နိုင်ရေး၊ သတင်းမှန်များကို သိရှိနားလည် စေပြီး ဒေသတွင်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ခရီးသွား လုပ်ငန်း၊ ပညာရေး စသည့်ကဏ္ဍ ကြီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် အသိ ပညာပေးခြင်းမှတစ်ဆင့် စီမံကိန်း တွင် လူငယ်ထုများ ပါဝင်လာခြင်း ဖြင့် ဒေသတွင်းအကျိုးစီးပွားကို မြှင့်တင် ဆောင်ရွက်သွားရန် ရည်ရွယ်ချက်ဖြင့် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ဝါသနာရှင် အဆင့်နှင့် ပညာရှင်အဆင့် လူငယ်များအား ဖိတ်ခေါ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

နိုင်ငံအလိုက် ဆုရပြိုင်ပွဲဝင် သုံးဦးစီကို အကဲဖြတ်ရွေးချယ်ကာ ဆုရဗွီဒီယိုလမ်းတိုများ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက် သည့် ဖိလစ်ပိုင်နိုင်ငံမှတစ်ဆင့် အာဆီယံ အထွေထွေအတွင်း ရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံမှ ဆုရ ဗွီဒီယိုလမ်းတိုများ အပါအဝင် အခြားအာဆီယံနိုင်ငံ အသီးသီးမှ ဆုရဗွီဒီယိုလမ်းတိုများ အပြန် အလှန်ပေးပို့ပြီး အာဆီယံနိုင်ငံ အသီးသီး၏ နိုင်ငံပိုင်ရုပ်သံလိုင်း၊ Website နှင့် Social Media များ တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲ ကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါ စရိယ ဘဒ္ဒန္တဥတ္တရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၆နှစ်)၊သိက္ခာတော်(၆၆)ဝါအရ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၃ ရက်၊ (၁၂-၁၀-၂၀၂၂)၊ဗုဒ္ဓဟူးနေ့၊ နံနက် ၇:၃၇ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥတ္တရာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့နယ် မယ်ဇလီကုန်းကျေးရွာ တွင် ခမည်းတော် ဦးဘိုးရန်+ မယ်တော် ဒေါ်အေးမော်တို့မှ ၁၂၉၈-ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင် တော်မူသော သားရတနာဖြစ် သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မယ်ဇလီကုန်းကျေးရွာ ညောင်ပွားပင်ကျောင်းဆရာတော် ဘဒ္ဒန္တ ကေလာသကို ဥပဇ္ဈာယ်ပြုလျက် အဘိုးဦးဆန်းပုံ+ အဘွားဒေါ်အေးမိ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော် မူခဲ့ပါသည်။ ၁၃၁၈ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်တွင် ပဲခူးတိုင် ဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာ ဥတ္တရာမဒေးဒရဲ ကျောင်းခဏ္ဍသိမ်၌ တလိုင်းထူးကျောင်းဆရာတော် ဘဒ္ဒန္တပုညမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သမင်အင်းကုန်းတောင်ပိုင်း ရပ်နေ ဦးနိုင်+ ဒေါ်ဖွားရီ တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူ၊ မိတ္ထီလာမြို့နယ် ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မယ်ဇလီ ကုန်း ညောင်ပွားပင်ကျောင်း ဆရာတော်ဘဒ္ဒန္တကေလာသ၊ ဘဒ္ဒန္တနန္ဒ ဝံသ၊ မိတ္ထီလာမြို့ ပါဠိတက္ကသိုလ် သဒ္ဓမ္မဝံသာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ မန္တလေးမြို့ ဓမ္မိကာရာမကျောင်းတိုက်၊ ဇေတဝန်ကျောင်း ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ မန္တလေးမြို့ အရှေ့ ပြင်ရပ် ဣန္ဒြိယာရာမရွှေဂူ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒြိယ စသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူး ခဲ့ပြီး ၁၃၂၄ ခုနှစ်တွင် **"သာသနဓဇဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့ သည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အရှေ့ ပြင် (ဣန္ဒြိယာရာမ)ကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံ ခါးမြို့နယ် ဥတ္တရာမဒေးဒရဲကျောင်းတိုက်၌ စာသင်သားရဟန်း/ သာမဏေ များအား စာပေကျမ်းဂန်များသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်အဖြစ် လည်း ကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါ စရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော် မူခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင် ရွက်တော်မူရင်း သက်တော်(၈၆နှစ်)၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ (၁၂-၁၀-၂၀၂၂)၊ ဗုဒ္ဓဟူး နေ့၊ နံနက်(၇:၃၇) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၆၅ စုံ | ၃၃၅ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

(က) အငယ်တန်းအင်ဂျင်နီယာ(၃)(မြို့ပြ)ရာထူး
(လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) လစ်လပ်(၆၀)နေရာ

(ခ) အငယ်တန်းစာရေးရာထူး
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) လစ်လပ်(၉)နေရာ

(ဂ) ဒုတိယလက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူး
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) လစ်လပ်(၅)နေရာ

(ဃ) စာရင်းကိုင်(၄)
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) လစ်လပ်(၂၀)နေရာ

(င) အငယ်တန်းအင်ဂျင်နီယာ(၄)(မြို့ပြ)ရာထူး
(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) လစ်လပ်(၁၀)နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အငယ်တန်းအင်ဂျင်နီယာ(၃)(မြို့ပြ)၊ အငယ်တန်းစာရေး၊ ဒုတိယ လက်ထောက် ကွန်ပျူတာစီစဉ်ရေးမှူး၊ စာရင်းကိုင်(၄)၊ အငယ်တန်း အင်ဂျင်နီယာ(၄)(မြို့ပြ) ရာထူးများအတွက် (၃၁-၁၀-၂၀၂၂)ရက်နေ့တွင် အသက်(၃၀) နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) အငယ်တန်းအင်ဂျင်နီယာ(၃)(မြို့ပြ)ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိသူ ဖြစ်ရမည်။
(ဃ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး၊ ကျွမ်းကျင်မှုအရည်အချင်းမှာ အင်္ဂလိပ်စာ/ကွန်ပျူတာ အခြေခံရှိသူ ဖြစ်ရပါမည်။
(င) ဒုတိယလက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူးရာထူးအတွက် တက္ကသိုလ်ဘွဲ့တစ်ခုခုရပြီး၊ ကျွမ်းကျင်မှုအရည်အချင်းမှာ ကွန်ပျူတာသင်တန်းအောင်လက်မှတ်ရရှိသူ ဖြစ်ရပါမည်။
(စ) စာရင်းကိုင်(၄)ရာထူးအတွက် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရပါမည်၊ (စာရင်းအင်း/ စာရင်းကိုင်ပညာဆိုင်ရာဘွဲ့ရရှိသူ/ စာရင်းကိုင်ပညာဆိုင်ရာ ဒီပလိုမာ (DA)ရရှိသူများအား ဦးစားပေးစဉ်းစားမည်)
(ဆ) အငယ်တန်းအင်ဂျင်နီယာ(၄) (မြို့ပြ) ရာထူးအတွက် စက်မှုလက်မှုသိပ္ပံ ဒီပလိုမာ(မြို့ပြ) အောင်လက်မှတ်ရရှိထားသူ ဖြစ်ရပါမည်။
(ဇ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဈ) အခြားဝန်ထမ်း အဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(ည) နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ် မိဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိ ရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင် အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန် လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း)(ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်)
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ
(င) ကျန်းမာကြောင်းဆေးထောက်ခံစာ
(စ) ပတ်စပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော(၆)လခန့်)

၅။ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၁၁)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ရုံးများနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ် ကျေးလက် ရုံးများအတွက် သက်ဆိုင်ရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးများတွင် လည်းကောင်း (၂၈-၁၀ -၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့်ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ (၂၈-၁၀-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ အရောက် ပေးပို့ရန်ဖြစ်ပါသည်။ **(ကြိုတင်လျှောက်လွှာ(၁)စောင်ကို ရေးဖြေ ဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။)**

၇။ ရေးဖြေစာမေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာဖော်ပြရန် ဖြစ်ပါသည်။ ဖြေဆိုရမည့် ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတတို့ဖြစ်ပြီး စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြေညာပါမည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)၊ တယ်လီဖုန်း နံပါတ်၊ ၀၆၇-၃၄၀၇၈၅၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း Expression Of Interest (EOI) နှင့် နည်းပညာအမှတ်အများဆုံးရရှိသည့် ကုမ္ပဏီ (၃)ခုမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်ခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း RCC Dam အတွက် ကွန်ကရစ်သွန်းလောင်းရာတွင် သတ်မှတ် အရည်အသွေးနှင့် ကိုက်ညီသည့် ဘိလပ်မြေများအား စဉ်ဆက်မပြတ်ပေးသွင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အတွင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်ခွင့်ပြု လုပ်ကိုင်လျက်ရှိသော တိုင်းရင်းသား/နိုင်ငံခြားသား လုပ်ငန်းရှင်များထံမှ စိတ်ဝင်စားမှုအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း (Expression of Interest-EOI)နှင့် နည်းပညာအမှတ်အများဆုံးရရှိသည့် ကုမ္ပဏီ (၃)ခုမှ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်အကြောင်းကြားပါသည်-

| စဉ် | တင်ဒါအမှတ် | ပေးသွင်းရမည့် ပစ္စည်း | ပမာဏ | မှတ်ချက် |
|---|---|---|---|---|
| 1. | EOI No. 003/DHPI/UYY (Cement)/2022-2023 | Cement | 46800 Ton | |

(က) **စတင်ရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၂၂ရက် (တနင်္လာနေ့)
(ခ) **ရောင်းချမည့်အချိန်/နေရာ** - နံနက် ၁၀နာရီမှ ညနေ ၁၅ နာရီအထိ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ် အကောင်အထည် ဖော်ရေးဦးစီးဌာန၊(၃)ထပ်ဆောင်၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်။
(ဂ) **တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၁၆-၁၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃:၀၀ နာရီမတိုင်မီ တင်သွင်းရမည်။
(ဃ) **တင်သွင်းရမည့်နေရာ** - အစည်းအဝေးခန်းမ၊ ရေအားလျှပ်စစ် အကောင်အထည် ဖော်ရေးဦးစီးဌာန

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**Telephone: 009567-8104190, 009567-8104191**
**e-mail:procurement.dhpi@moee.gov.mm**

---

### တရားမဝင် ဒါရိုက်တာခန့်အပ်ခြင်းကို ကန့်ကွက်ကြောင်း အများသိရှိစေရန်အသိပေးကြေညာချက်

UE Export Import Co.,Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ် (119718384)၏ အစုရှယ်ယာ ၄၄% ကိုပိုင်ဆိုင်သော အစုရှယ်ယာပိုင်ရှင်ဖြစ်သူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးထွန်းရီ (နိုင်ငံသား စိစစ်ရေးကတ်အမှတ်- ၁/မကန(နိုင်)၀၁၅၂၀၄) ၏လွှဲအပ်ညွှန်ကြားချက်အရ အများ ပြည်သူ သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

UE Export Import Co.,Ltd. ၏ လက်ရှိဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာရှင်ဖြစ်သူ ကျွန်ုပ်တို့၏မိတ်ဆွေ သိရှိသဘောတူညီခြင်းမရှိဘဲ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ (MyCo) အွန်လိုင်းမှတ်ပုံတင်စနစ်တွင် ဦးမိုးမင်းဦးဆိုသူအား ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၃)ရက် နေ့က ဒါရိုက်တာအဖြစ် မှတ်ပုံတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ တည်ဆဲဥပဒေဖြစ်သော မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးကို နည်းလမ်းတကျ ခေါ်ယူကျင်းပခြင်းမရှိဘဲ ခန့်အပ်ခဲ့ခြင်းဖြစ် သောကြောင့် အဆိုပါဒါရိုက်တာခန့်ထားမှုအား အစုရှယ်ယာရှင်ဖြစ်သူ ကျွန်ုပ်တို့၏ မိတ်ဆွေဦးထွန်းရီက သက်ဆိုင်ရာ ကုမ္ပဏီများမှတ်ပုံတင်ရုံးထံသို့ ၂၀၂၂ခုနှစ်၊အောက်တိုဘာလ ၇ရက်နေ့ ရက်စွဲပါ စာဖြင့် သဘောမတူကန့်ကွက်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ်မှ ပယ်ဖျက်ပေးပါရန် တရားဝင် လျှောက်ထားကန့်ကွက်ထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ တရားမဝင် ဒါရိုက်တာခန့်အပ်ခြင်း ကိစ္စရပ်နှင့်ပတ်သက်၍ပေါ်ပေါက်လာသမျှ ကိစ္စရပ်အားလုံးသည် လက်ရှိဒါရိုက်တာအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ ဦးမိုးမင်းဦး၏ ဒါရိုက်တာအဖြစ် ဆောင်ရွက် ချက်မှန်သမျှသည် UE Export Import Co.,Ltd. ကို ဥပဒေနှင့် ညီညွတ်စွာ တရားဝင်ကိုယ်စား ပြုနိုင်ခြင်းမရှိပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်ဆွေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၄၅)**
**အမှတ် ၆၀၊ အခန်း(၄၀၈/အေ)၊ Prime Hill Business Square**
**ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောငွေပန်း ၃/ဘအန (နိုင်)၂၅၂၂၃၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၅၈၅၉၇၈**

### ပျောက်ဆုံးကြောင်း

ကျွန်မ နော်ဒူး ၃/ဘအန(နိုင်) ၃၀၁၉၅၄၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/4716, DAYANG 110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင်ထိုး ၈/တတက (နိုင်)၂၀၀၅၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/90784, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရဝေအောင် ၇/သနပ(နိုင်)၁၄၆၈၉၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

### အများပြည်သူသိစေရန်

၁၂-၁-၂၀၂၁ရက်စွဲပါ စာချုပ်အရ ဦးဘုန်းမြတ်ကျော် ၁၂/မဂတ(နိုင်) ၀၇၁၅၁၉ ကိုင်ဆောင်သူမှ ဦးလှထွန်း ၁၂/သကတ(နိုင်)၁၂၄၄၂၂ ကိုင်ဆောင်သူ ကို မြေအကျိုးခံစားခွင့်အပိုင်ပေးစာချုပ်အရ မြေ(၁၀)ကေကို ဦးလှထွန်းပိုင် ဆိုင်ခဲ့ပါသည်။သို့ဖြစ်ပါ၍ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကွင်းအမှတ်(၃၆၉/A၊ ၃၆၉/B)၊ မြေကွက်အလွတ် ယင်းမြေကွက်နှင့် ပတ်သက်၍ ဦးလှထွန်းမှာ လွှဲပြောင်းရောင်းချခြင်း၊ လွှဲပြောင်းနေထိုင်ခွင့်ပေးခြင်း ပြုလုပ်မည် ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသောအထောက်အထားနှင့် ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက် ကျော်လွန်ပါက မြေနှင့်ပတ်သက်၍ စီမံခန့်ခွဲမည်ဖြစ်ပါ၍ အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**ဦးလှထွန်း၊ အမှတ် (၁၁၅)၊ (၄)လွှာ(ဘီ)၊ စကားဝါလမ်း၊ နှင်းဆီကုန်း၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**(ဖုန်း-၀၉-၄၂၀၇၅၈၀၉၇)၏ ပြောဆိုလွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးမြသိန်း(ပုဇွန်တောင်)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)** |
| **(ဥပဒေဘွဲ့)** | **(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၅၃)** |

**(ရုံး)အမှတ် ၁၅၅၊ (ပထပ်)၊ ၄၆လမ်း၊ အထက်၊ (၁၀)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**
**(ဖုန်း-၀၉- ၄၅၅၁၆၈၄၁၅၊၀၉- ၄၂၅၀၁၈၀၀၀၊၀၉- ၇၃၀၀၇၀၂၈၊ ၀၉-၆၆၄၂၈၂၇၉၂**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ဥတ္တရသီရိမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၀

ဒေါ်လှရီ နှင့်
၁။ ဒေါ်သန်းရီ
၂။ ဒေါ်တင်မြင့်ဝေ၊
၃။ ဦးညီမင်းခ
၄။ ဒေါ်လဲ့လဲ့ဝင်း
၅။ ဦးမြင့်သန်း
၆။ ဒေါ်လှမြင့်
၇။ ဒေါ်စောနှစ်
၈။ ဒေါ်ခင်သန်းဝေ
၉။ ဒေါ်ခင်မျိုးသန်း
၁၀။ ဒေါ်စန်းထွေး
၁၁။ ဦးစန်းမြင့်အောင်
၁၂။ ဒေါ်သင်းသင်းမာ

**တရားလို** **တရားပြိုင်များ**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၁၃၇၀-ဘီ နေသူ(၄)တရားပြိုင် ဒေါ်လဲ့လဲ့ဝင်း(ဘ)ဦးနေဝင်း(ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ပါ၍ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူသည် တရားလို စွဲဆိုချက် ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းပပဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး၊**
**ဥတ္တရသီရိမြို့နယ်တရားရုံး**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၆၂

၁။ ဦးအေးကို နှင့် ဗိုလ်မှူးချစ်သန်း(ငြိမ်း)
၂။ ဒေါ်ခိုင်ဇာဦး

**တရားလိုများ** **တရားပြိုင်**

ဗိုလ်မှူးချစ်သန်း(ငြိမ်း)၊ အကွက်ကြီး (၇/၃၀)၊ အေးသာယာမြို့၊ (ယခုနေရပ်လိပ်စာ မသိသူအား) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေး စေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့ လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

### ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ တောင်ပကျေးရွာ (မူလွန်-တောင်ပအရှေ့)ကျောင်း၊ တတိယတန်း (အောင်)မှ မောင်အောင်မင်းသူ၏ဖခင် အမည်မှန်မှာ ဦးထွန်းသက်ခိုင် ၁၀/သဖရ (နိုင်)၀၇၄၂၇၇ ဖြစ်ပါကြောင်း။

**ဦးထွန်းသက်ခိုင်**

### ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၃) ဒသမတန်းမှ မောင်အောင်သူဟန်၏ ဖခင်အမည်မှန် မှာ ဦးကျော်မိုး ၇/ရတန(နိုင်)၁၂၈၁၈၀ ဖြစ်ပါကြောင်း။

**ဦးကျော်မိုး**

---

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ စွယ်တော်ရပ်ကွက်၊ စွယ်တော် City အိမ်ရာစီမံကိန်းရှိ အဆောက်အအုံအမှတ် (B)၊ အခန်းအမှတ် (711)၊ အကျယ်အဝန်း စတုရန်းပေ ၁၂၆၀ရှိ ကွန်ဒိုတိုက်ခန်းနှင့် အဆိုပါကွန်ဒိုတိုက်ခန်းတွင် အသေစွဲကပ်တပ်ဆင်ထားသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးပြည့်ဖြိုးအောင် ၉/ဇသယ(နိုင်)၀၀၈၀၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၁၄-၁၀-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူ ကွန်ဒို တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းဆိုင်ရာ (စရန်ငွေပေး) သဘောတူကတိစာချုပ်ကို ချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော ကွန်ဒို တိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန် အကြောင်း တစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း) များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက ကွန်ဒိုတိုက်ခန်းအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန် (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၆၁၇၃/၂၀၁၉)**
**အမှတ် (၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၂၆၉၀၄၊ ၀၉-၉၆၀၀၀၀၀၀၂**

---

